
www.burmeseclassic.com



# ကလေးတို့
# စံပြုအပ်သော
# ပုဂ္ဂိုလ်များ

စိုးမြင့်လတ်

BURMESE CLASSIC .com

JUNIOR

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၀၆၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၃၅၀၅၀၉

မျက်နှာဖုံးသရုပ်ဖော်နှင့် ဒီဇိုင်း - ဘဌေးကြည်
မျက်နှာဖုံးနှင့် စာအုပ်ပုံစံဖွဲ့စည်းမှု - ဖောရက်စ်မောင်
အတွင်းသရုပ်ဖော် - ယဉ်မင်းပိုက်၊ ဘဌေးကြည်၊
သန်းမြင့်အောင်၊ ဖေစိုးအောင်၊ ကောင်းထက်
ကွန်ပျူတာအော်ပရေတာ - ကျော်မျိုးသိန်း

ထုတ်ဝေသူ - ဒေါ်အေးအေးပြုံး
ပင်ဝါးရုံစာပေ၊ အမှတ် ၂၂၂၊ အခန်း ၄၀၁
စံပယ်မာဃလမ်း၊ ဟံသာဝတီမွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးဇော်မြင့်ဝင်း
ကာလာဖုန်ပုံနှိပ်တိုက်၊ အမှတ် ၁၈၄(ဘီ)၊ ၃၁ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဖွန်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၂၀၀ ကျပ်

Junior မဂ္ဂဇင်းတိုက်
အမှတ် ၅၈၆၊ ဒုတိယထပ်၊ မြွာရုံလမ်း၊ IBC အနီး။
၆ မိုင်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ပင်ဝါးရုံစာပေ
အမှတ် ၂၂၂၊ အခန်း ၄၀၁၊ စံပယ်မာဃလမ်း။
ဟံသာဝတီမွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၆ ၁၄၄၅၊ ၀၉ ၅၁၉ ၀၉၄၉။

စိုးမြင့်လတ် ၉၂၇ ・ ၂
ကလေးတို့စံပြုအပ်သော ပုဂ္ဂိုလ်များ/စိုးမြင့်လတ်။ - ရန်ကုန်။
ပင်ဝါးရုံစာပေ၊ ၂၀၀၉။
စာမျက်နှာ ၈၀။ ၁၅ စင်တီမီတာ x ၂၀ စင်တီမီတာ။

# မာတိကာ

- မိဘများသို့ အမှာ ၇
၁။ သူဆန်စား၍ရဲသော ထေင်ငယ် ၉
၂။ မြင်းသည်လေးသိန်းနှင့်ညီမျှသော သူရဲကောင်းလေးယောက် ၁၁
၃။ ကျေးဇူးသစ္စာစောင့်သိသော ကျန်စစ်သားမင်း ၁၃
၄။ အသက်အငယ်ဆုံး စစ်ဘုရင် မင်းရဲကျော်စွာ ၁၅
၅။ သူရဲကောင်းကိုတန်ဖိုးထားသည့် မွန်ဘုရင်ရာဇာဓိရာဇ် ၁၇
၆။ သဘောထားပြည့်ဝ၍ ရဲရင့်သော မွန်အမတ်သူရဲကောင်းသမိန်ဗရမ်း ၁၉
၇။ သခင်အပေါ် သစ္စာကြီးသည့် မွန်သူရဲကောင်းဥပါကောင်း ၂၂
၈။ ဘုန်းလက်ရုံးနှင့်ပြည့်စုံသော အလောင်းစည်သူမင်းကြီး ၂၅
၉။ ရဲရင့်သောသူရဲကောင်း ရန်မန်ငထွေး ၂၇
၁၀။ လက်ရုံးခွန်အားနှင့်ပြည့်စုံသော ပန်းပဲမောင်တင့်တယ် ၂၉
၁၁။ မတရားမှုကိုဆန့်ကျင်သည့် သူဆင်းရဲ ၃၁
၁၂။ တရားစောင့်သော ရခိုင်ဘုရင် မင်းထီး ၃၃
၁၃။ ဦးခွေးဆံမြည့် အုတ်လုငယ် ၃၅
၁၄။ ရဲရင့်၍ သစ္စာရှိသော သူခိုးတောက်ပြား ၃၇
၁၅။ ကျေးဇူးတရားကိုစောင့်သိသော ခင်ညို ၄၀

www.burmeseclassic.com

www.burmeseclassic.com


၁၆။ တရားမျှတစွာအုပ်ချုပ်သည့် မွန်မင်းဗညားပရော် ၄၂

၁၇။ တာဝန်ကျေသော တံခါးမှူး ၄၄

၁၈။ ရဲရင့်တည်ကြည်သော နလုံးရည်ပိုင်ရှင် အနန္တသူရိယ ၄၆

၁၉။ အမှုတော်ကို အသက်ပေး၍ထမ်းရွက်သူ ရေနံ့သာစား ၄၉

၂၀။ နောင်ရီးတိုက်ပွဲနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာ ၅၁

၂၁။ ဒုတိယမြန်မာနိုင်ငံတော်ကို ပြန်လည်တည်ထောင်ခဲ့သည့်
ဘုရင့်နောင်ကျော်ထင်နော်ရထာ ခေါ် ဆင်ဖြူများရှင်မင်းကြီး ၅၃

၂၂။ ဣန္ဒြေကြီး၍ လိုရင်းအလုပ်ကိုသာဂရုပြုသော ရမည်းသင်းစားသီလဝ ၅၆

၂၃။ ပညာရှိ၍ သတိမြဲသော အမတ်ကြီးဝန်ဇင်းဖိုးရာဇာ ၅၈

၂၄။ သတ္တိ၊ ဗျတ္တိနှင့်ပြည့်စုံသည့် စစ်သူကြီးဘယဂါမဏိ ၆၀

၂၅။ ထီးလိုမင်းလို ဓေယျသိခ်မင်း ၆၂

၂၆။ ဥာဏ်ပညာနှင့်ပြည့်စုံသော မိဘုရားစော ၆၄

၂၇။ ပညာဉ္စမွေ့လျော်သော ကျစွာနှင့် သံပျင် ၆၇

၂၈။ နရသီဟပတေ့မင်းနှင့် ရာဇသင်္ကြံအမတ်ကြီး ၇၀

၂၉။ ဘုန်းလက်ရုံးနှင့်ပြည့်စုံသော တောင်ငူဘုရင်တပင်ရွှေထီး ၇၃

၃၀။ တော်တည့်ဖြောင့်မှန်သော စိတ်နှလုံးရှိသည့် နရပတိမင်းကြီး ၇၅


# မိဘများသို့အမှာ

ကလေးတို့သည် အတုယူတတ်ကြသည်။

အမိ အဖ၊ အစ်ကို အစ်မ၊ ဆရာ ဆရာမတို့၏ အပြုအမူ၊ အပြောအဆိုများကို သူတို့ အတုယူကြသည်။ သူတို့ပတ်ဝန်းကျင်မှ နေ့စဉ် တွေ့မြင်နေရသူတို့၏ အကျင့်စရိုက်၊ ဟန်ပန်အမူအရာတို့ကို မှတ်သား၍ ပြန်လည်တုပ ကျင့်သုံးတတ်ကြသည်။ အတုယူခြင်းသည် ကလေးတို့၏သဘာဝပင် ဖြစ်သည်။ ကလေးတို့ အများဆုံး အတုယူသော စံပြုပုဂ္ဂိုလ်များမှာလည်း သူတို့အနီးပတ်ဝန်းကျင်မှလူများသာ ဖြစ်လေ့ရှိသည်။

ကလေးတို့သည် သူတို့ပတ်ဝန်းကျင်၏ လွှမ်းမိုးရိုက်ခတ်မှုတို့ကို တုံ့ပြန်ရင်း ကြီးပြင်းလာကြရသည်။ ယဉ်ကျေးပျူငှာသော၊ ပညာကို တန်ဖိုးထားသော မိသားစုအသိုက်အဝန်းတွင် ကြီးပြင်းလာရသော ကလေးများသည် ပညာတတ် လူယဉ်ကျေးလေးများဖြစ်လာရန် အခွင့်အလမ်း ပို၍များပြီး၊ ကုန်သည်စီးပွားရေးသမားမိသားစုတွင် ကြီးပြင်းလာရသောကလေးသည် အောင်မြင်သော၊ ကြီးပွားသော လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာရန် အခွင့်အလမ်း ပို၍များပေလိမ့်မည်။

သို့အတွက် ကလေးတို့ အတုယူဖွယ်၊ အားကျဖွယ်၊ စံထားဖွယ် ပတ်ဝန်းကျင်ကောင်းများကို မိဘများက အတတ်နိုင်ဆုံး ဖန်တီးတည်ဆောက်ပေးကြရန် လိုအပ်လှပေသည်။

ကလေးတို့အတွက် ပတ်ဝန်းကျင်ကောင်းဆိုရာတွင် သူတို့အနီးမှ သက်ရှိလူသားများသာမက သူတို့ဖတ်ရှုလေ့လာသည့် စာအုပ်များ၊ သူတို့ကြည့်ရှုနားထောင်သည့် တီဗီအစီအစဉ်များ၊ ရုပ်ရှင်ဗီဒီယိုများ၊ တေးဂီတများ စသည့် သတင်းအချက်အလက်နှင့် ဖျော်ဖြေမှုရင်းမြစ်များလည်း ပါဝင်ပေသည်။ အဆိုပါ အကြောင်းခြင်းရာများသည်လည်း ကလေးတို့၏စရိုက်သဘာဝကို ပုံဖော်ပေးနိုင်သော ပတ်ဝန်းကျင်အခြေအနေများပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်သည် မြန်မာ့သမိုင်းတစ်လျှောက်မှ ကလေးတို့ စံပြုထိုက်သော၊ အတုယူထိုက်သော သူရဲကောင်းများ၊ ဘုရင်ကေရာဇ်များ၊ မှူးမတ်များနှင့် လူပုဂ္ဂိုလ်များ အကြောင်းကို အကျဉ်းချုပ်၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်ကို ကလေးငယ်များကို ဖတ်ပြပါ။ ကလေးကြီးများကို ပေးဖတ်ပါ။ အိပ်ရာဝင် ပုံပြင်များသဖွယ်လည်း ပြောပြနိုင်ပါသည်။ ကလေးတို့အတွက် ဤသို့ ကောင်းမြတ်သော စံပြုထိုက်စရာပုဂ္ဂိုလ်များ ရှိရေးသည် မရှိမဖြစ်လိုအပ်ပါသည်။

ဤပုဂ္ဂိုလ်များအကြောင်းကို ငယ်ရွယ်စဉ်ကတည်းက လေ့လာသိရှိ အားကျပြီး သူ၏ဘဝတစ်လျှောက် စံပြုကြိုးစားအားထုတ်ခြင်းဖြင့် သင်၏ သားငယ်သမီးငယ်သည်လည်း လူတကာ အားကျအတုယူထိုက်သော၊ ဆင်ခြင်တုံတရားနှင့်ပြည့်စုံသော လူတော် လူကောင်းတစ်ယောက် ဖြစ်လာစေရန် ရည်သန်ဆန္ဒပြုအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**
**Junior မဂ္ဂဇင်း**





သူ့ဆန်စား၍ ရဲသော

## ထောင်ငယ်

မြန်မာသက္ကရာဇ် ၉၆၉ ခုနှစ်က ဖြစ်သည်။ ထိုအချိန်က အင်းဝ၌ မဟာဓမ္မရာဇာဘွဲ့ခံ အနောက်ဘက်လွန်မင်းတရားကြီးအုပ်စိုးချိန် ဖြစ်သည်။ အင်းဝမှ ကြည်းတပ်၊ ရေတပ်တို့သည် အလုံးအရင်းဖြင့် ပြည်မြို့ကို ဝန်းရံတိုက်ခိုက်နေချိန်လည်း ဖြစ်သည်။ ပြည်ဘုရင် ရန်နိုင်မင်း၏ မြို့စီး၊ ပြစီးတို့ကလည်း အပြင်းအထန် ခုခံတိုက်ခိုက်လျက်ရှိရာ အင်းဝတပ်များ မြို့တွင်းသို့ မဝင်နိုင်ဘဲ ဖြစ်နေကြသည်။ အကျအဆုံးမှာလည်း များလှသည်ဖြစ်ရာ နောက်ဆုတ်၍ အဝေးမှ ဝန်းရံနေသည်မှာပင် ရှစ်လတိုင်ခဲ့ပြီ ဖြစ်သည်။

တစ်နေ့တွင် အင်းဝဘုရင်က တပ်တိုင်း၌ အမိန့်တော်ထုတ်ပြန်သည်မှာ 'တပ်မှူး၊ စစ်ကဲအပေါင်းတို့၊ အမှုတော်ပြီးစီးရန် အားထုတ်ကြိုးပမ်းကြလော့။ မနက်ဖြန်နံနက်တွင် ဆင်၊ မြင်း၊ စစ်သည် အလုံးအရင်းဖြင့် မြို့တွင်းသို့



www.burmeseclassic.com

www.burmeseclassic.com

ထိုးဖောက်ဝင်ရောက်ရမည်။ အမိန့်တော်ကိုမနာခံလျှင် ကြီးစွာသော အပြစ်တော်’ဟူ၍ ဖြစ်သည်။


ဘုရင်၏ တင်းကျပ်သောအမိန့်ဖြင့် နောက်တစ်နေ့ မိုးသောက်တွင် အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ရာ မြို့ရိုးပေါက်၍ မြို့တွင်းသို့ဝင်ကြလေသည်။ မြို့ပျက်သော်လည်း ပြည်ဘုရင်ကား အညံ့မခံ။ နန်းမြို့တွင်းမှနေ၍ ပြန်လည်ခုခံလေသည်။ နန်းမြို့ပေါက်သော်လည်း ရာဇပလ္လင်ထက်မှနေ၍ ခုခံလေသည်။ မှူးမတ်၊ စစ်သည်ရဲမက်အများကား လက်နက်ချ အညံ့ခံကုန်ကြလေပြီ။

ထိုအချိန်တွင် ပြည်ဘုရင် မွေးစားထားသော ဘယဂါမဏိနှင့် တူတော်သူ အိမ်တော်ပါကျွန်ဖြစ်သည့် အသက် ၁၃ နှစ်အရွယ်သာရှိသေးသော ငထင်ငယ်ကား ဘုရင်နှင့်အတူ ပလ္လင်ရင်းမှနေ၍ ခုခံတိုက်ခိုက်နေ၏။ သူ၏စိတ်တွင်ကား ‘အရှင်၏ကျေးဇူးကား ငါ့အပေါ်ရှိခဲ့ချေပြီ။ ယခုအခါ သူ့သစ္စာကို ငါ စောင့်သိရမည်။ ငါ့အသက်သေရင် သေစေတော့။ ငါ့အရှင်ကို ငါသေမှ ထိပါးရမယ်’ဟု ခံယူကာ ဓားတစ်ဖက်တစ်စင်းဖြင့် ရန်သူတို့အား ခုခံလျက်ရှိ၏။

ထိုအခါ ငထင်ငယ်ကိုမြင်သော ဦးရီးတော်ဘယဂါမဏိက ‘ဟယ် … ငထင်ငယ်၊ မြို့ပျက်၍ တစ်မြို့လုံး သူ့လက်သို့ရောက်ချေပြီ။ တစ်ယောက်တည်း ခုခံနေ၍ ဖြစ်မည်လော။ လက်နက်ကိုချ၍ အညံ့ခံလော့’ဟု လှမ်းအော်ကာ သတိပေး၏။ သည်တော့မှ ငထင်ငယ်သည် ‘သူ့ဆန်စား၍ ရဲရတော့သည်’ဟုဆိုကာ လက်နက်ကိုချလေသည်။ မြို့ကျပြီးသောအခါ အင်းဝဘုရင်သည် မင်းနှင့်တကွ အလိုရှိသူတို့ကို အင်းဝသို့ဆောင်ယူလေသည်။ ငထင်ငယ်လည်း မိမိအရှင်အပါးတွင်ခစားကာ အင်းဝသို့ လိုက်ပါလေသည်။

အင်းဝဘုရင်ကလည်း ကျေးဇူးသစ္စာကိုစောင့်သိသော လူချွန်လူမွန်ဟု ယုံကြည်လက်ခံကာ ကောင်းစွာချီးမြှောက်ထားလေသည်။ အင်းဝနေပြည်တော်ပြန်ရောက်သောအခါ မင်းကြီးက ‘ငါကိုယ်တော် ပြည်မြို့ကို တိုက်ခိုက်သိမ်းယူရာတွင် ရှင်တစ်ဆူနှင့် လူတစ်ယောက်သာရသည်’ဟု မိန့်တော်မူသည်။ အင်းဝဘုရင်မိန့်တော်မူသော ရှင်တစ်ဆူကား တိပိဋကလင်္ကာရ တောင်ဖီလာဆရာတော်ဖြစ်ပြီး လူတစ်ယောက်ကား ၁၃ နှစ်သား ငထင်ငယ်ဖြစ်လေသည်။■





BURMESE CLASSIC .com

မြင်းသည်လေးသိန်းနှင့် ညီမျှသော

# သူရဲကောင်းလေးယောက်

မြန်မာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် ပုဂံပြည်၌နန်းတက်သော အနော်ရထာမင်းတွင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသော သူရဲကောင်းလေးယောက် ခစားလေသည်။

ကျန်စစ်သားမှာ လက်ရုံးရည်၊ နှလုံးရည် နှစ်မျိုးစလုံးနှင့် ပြည့်စုံသည့် သူရဲကောင်းဖြစ်သည်။ ငထွေရူးကား မြင်းမူအရပ်သားဖြစ်ပြီး ထန်းပင်တစ်ထောင်ကို အချိန်မီပြီးအောင် လှီးချနိုင်သူဖြစ်သည်။ ငလုံးလက်ဖယ်ကား ပုပ္ပားအရပ်မှဖြစ်ပြီး နွားအရှည်းသုံးဆယ်ကို ထွန်၌တပ်ပြီး ထွန်ရေးမှန်အောင် အနှံ့ထွန်နိုင်သူဖြစ်သည်။ ညောင်ဦးဖီးကား ညောင်ဦးအရပ်မှဖြစ်ပြီး ညောင်ဦးကမ်းပါးမှ ပြေးဆင်း၍ မြစ်ကိုကူးကာ အောင်သာဘက်ရောက်လျှင် သည်ဘက်သို့ ပြန်ကူးလာပြီး ညောင်ဦးကမ်းပါးပေါ် ပြေးတက်နိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတွင် ဥဿာပဲခူးသို့ ဂျွန်းစစ်သည်များချီလာရာ ပုဂံသို့ စစ်ကူတောင်းလာ၏။ ထိုအခါ အနော်ရထာမင်းက 'မြင်းသည်လေးသိန်း' စစ်ကူလာမည်ဟု မိန့်မှာလိုက်လေသည်။ တကယ်တမ်းတွင်မူ အနော်ရထာမင်းကြီးက သူ၏ လူစွမ်းကောင်းလေးယောက်ကိုသာ လွှတ်လိုက်လေ၏။ ဥဿာပဲခူးမင်းမှာ မြင်းသည်လေးသိန်း စေလွှတ်မည်ဆိုပြီး ယခု မြင်းလေးစီးသာ လာသည်ဆိုပြီး စိတ်မသက်မသာ ဖြစ်နေလေ၏။

ထိုအခါ လူစွမ်းကောင်းလေးယောက်တို့က 'ငါတို့အား ဤသို့ဆိုရမည်လော'ဟုဆိုကာ မြို့ပြင် ယာခင်း၊ သခွားခင်းတို့၌ သူတို့၏ အထူးထူးသော စွမ်းအင်တို့ကို ပြကြလေ၏။ ဥဿာပဲခူးမင်းနှင့်တကွ ပြည်သူပြည်သားတို့မှာ အံ့အားသင့်ကာ 'ဤလေးဦးကား လူမဟုတ်၊ နတ်ဖြစ်တန်ရာသည်။ တစ်ခါမှ ဤသို့မမြင်ဖူးပါ'ဟုဆိုကာ အံ့သြချီးမွမ်းကြကုန်၏။ ဥဿာပဲခူးမင်းလည်း ဝမ်းမြောက်လှသဖြင့် လက်ဆောင်ပဏ္ဏာများ ချီးမြှင့်၏။

ရာပေါင်းများစွာသော ဂျွန်းစစ်သည်တို့ ဝင်ရောက်လာသောအခါ သူရဲကောင်းလေးဦးက ဂျွန်းစစ်သည်တို့ကို လေးစုကွဲအောင် အလယ်မှဖောက်၍ တိုက်လေသည်။ လေးစုကွဲသွားသောအခါ ခေါင်းဆောင်စစ်သူကြီးလေးဦးကို အရှင်ဖမ်းယူလေသည်။ ဂျွန်းစစ်သည်တို့လည်း ခေါင်းဆောင်တို့ကျပြီဖြစ်၍ တပ်ဆုတ်ကာ ထွက်ပြေးကြလေသည်။ ဖမ်းမိသော စစ်သူကြီးများကို ဥဿာပဲခူးမင်းအား ဆက်သသောအခါ လွန်စွာအားရလှသဖြင့် ဆုလာဘ်များစွာ ချီးမြှင့်လေသည်။ အနော်ရထာမင်းအားလည်း ဥဿာမင်းအဆက်ဆက် ကိုးကွယ်သော ဓာတ်တော်နှင့်တကွ သမီးတော်မဏိစန္ဒာကိုပါ ဆက်သလိုက်လေသည်။ ■





ကျေးဇူးသစ္စာ စောင့်သိသော

## ကျန်စစ်သားမင်း

ကျန်စစ်သားသည် ကျောင်းဖြူအရပ်၌ တိမ်းရှောင်နေစဉ် သက္ကရာဇ် ၄၂၁ ခုနှစ်၌ အနော်ရထာမင်း နတ်ရွာစံလေသည်။ သားတော်စောလူးမင်း နန်းတက်သောအခါ ရဟန်း၊ မှူးမတ်တို့က ပုန်းရှောင်နေသောကျန်စစ်သားကို ပြန်ခေါ်ရန် လျှောက်ထား တိုက်တွန်းကြလေသည်။ ကျန်စစ်သားရောက်လျှင် စောလူးမင်း၏ အပါးတော်၌ ခစားရ၏။ စောလူးမင်းသည် သူ၏နို့စို့ဖက်၊ အထိန်းတော်၏သား ငရမန်ကန်းကိုလည်း ဥဿာပဲခူးမြို့ကို ပေးလေ၏။

တစ်ခါတွင် ဥဿာစား ငရမန်ကန်းသည် စောလူးမင်းအား ပုန်ကန်သဖြင့် စောလူးမင်းသည် ကျန်စစ်သားနှင့်အတူ သွားရောက်နှိမ်နင်းရာ အရေးနိမ့်ပြီး ငရမန်ကန်းလက်တွင်း ကျရောက်၏။ ငရမန်ကန်းကား မြင်းကပါအရပ်တွင် တပ်စွဲကာ အခိုင်အခန့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသတင်းကိုကြားသိလျှင် ကျန်စစ်သားသည် တောင်ခွင်အရပ်မှနေ၍ တစ်ညဉ့်လုံး မြင်းစိုင်းခဲ့ရာ ပုဂံသို့ မိုးသောက်မှရောက်၏။ ပုဂံသို့ရောက်လျှင် မှူးကြီးမတ်ရာတို့က 'စောလူးမင်းလည်း မရှိပြီ။ ပုဂံကိုအုပ်စိုးထိုက်သူကား အရှင်မင်းကြီးမှတစ်ပါး မရှိပြီ' ဟုဆိုကာ မင်းမြောက်တန်ဆာငါးပါးကို ဆက်သလေ၏။

ကျန်စစ်သားကား သစ္စာတရားကို ဦးထိပ်ထားသူပီပီ 'ငါ့အရှင် ရှိ၊ မရှိ စုံစမ်းဦးမည်။ ရှိခဲ့သော် ငါ့အရှင်ကိုယူ၍ နန်းတင်မည်' ဟုဆိုကာ မင်းမြောက်တန်ဆာငါးပါးကို ရွှေစည်းခုံစေတီတွင် ထားခဲ့လေ၏။ ကျန်စစ်သားလည်း ရန်သူ့လက်ထဲမှ စောလူးကို ပခုံးတွင်ထမ်းကာပြေး၏။ စောလူးကား 'ကျန်စစ်သားသည် ငါ့ခမည်းတော် အမျက်ရှုဖူးသူဖြစ်၏။ ငါ့ကိုသတ်လို၍ ခိုးသည်ထင်၏။ ငရမန်ကန်းကား ငါ့အထိန်းတော်၏သား၊ ငါနှင့်နို့စို့ဖက်ဖြစ်၍ ငါ့ကို မသတ်တန်ရာ' ဟုတွေးမိ၍ 'ကျန်စစ်သား ငါ့ကိုခိုးယူလေပြီ' ဟု ဟစ်အော်လေသည်။ ထိုအခါ ကျန်စစ်သားလည်း 'မင်းဆိုးမင်းညစ် ... ခွေးသေ၊ ဝက်သေ သေရစ်ပေတော့' ဟုဆိုကာ ပစ်ခဲ့လေသည်။ စောလူးအော်သံကြား၍ ငရမန်ကန်း၏စစ်သည်များ ဝိုင်းလာသောအခါ ကျန်စစ်သားလည်း ရေသို့ဆင်း၍ အနောက်ဘက်သို့ ကူးပြေးရ၏။

ငရမန်ကန်းကား ကျန်စစ်သားပစ်ထားခဲ့သော စောလူးမင်းကို တွေ့သောအခါ အမျက်ထွက်၍ အနုရာဓအရပ်၌ ကွပ်မျက်လေသည်။ ကျန်စစ်သားကား နန်းစည်းစိမ်ကို အလွယ်တကူရသော်လည်း ကျေးဇူးသစ္စာကိုစောင့်သိလျက် မိမိအရှင်ကို ထီးနန်းပြန်တင်ရန် ကြိုးပမ်းအားထုတ်ခဲ့သော သစ္စာရှိသူရဲကောင်းတစ်ဦးပေတည်း။ ■





အသက်အငယ်ဆုံး စစ်ဘုရင်

## မင်းရဲကျော်စွာ

မင်းရဲကျော်စွာသည် အင်းဝဘုရင် ပထမမင်းခေါင်နှင့် ရှင်မိနောက်တို့၏ သားဖြစ်ပြီး မြန်မာသက္ကရာဇ် ၇၅၂ ခုနှစ်တွင် ဖွားမြင်လေသည်။ အသက်ငယ်သော်လည်း ကြောက်လန့်ခြင်း အလျဉ်းမရှိ၊ လွန်စွာမှပင် ရဲရင့်လှပေသည်။ ၁၃ နှစ်သားအရွယ်ကပင် ဗိုလ်မှူးအဖြစ်နှင့် တပ် ၁၀ တပ်ကို အုပ်ချုပ်ကာ ရခိုင်သို့ စစ်ချီခဲ့လေသည်။ တပ် ၁၀ တပ်တွင် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်နှင့် စစ်သည်တစ်သိန်း ပါလေသည်။ ယင်းတပ်များကို သုံးစုခွဲ၍တိုက်ရာ အောင်မြင်လေသည်။ ထို့အတူ ရှမ်းတို့ကိုလည်း အကြိမ်ကြိမ်နိုင်ခဲ့၏။

ခဲပေါင်တိုက်ပွဲ၌ မွန်တို့ လှောင်ပြောင်သရော်သည်ကို ရှက်ရက်ဖြင့် အပြင်းအထန်လုပ်ကြံရာ နောက်ဆုံးတွင် အောင်နိုင်၏။ မင်းရဲကျော်စွာသည် သူရဲကောင်းချင်းလည်း တန်ဖိုးထားတတ်သည်။ သစ္စာရှိ၍ စိတ်ထားမြင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မတရားမှုကို ဘယ်ခါမှမပြုခဲ့။ ရန်သူ သူရဲကောင်းကိုပင်လျှင် ကိုယ်တိုင် ခေါ်တွေ့ကာ ဆုလာဘ်များ ချီးမြှင့်ပေးကမ်း၏။

မင်းရဲကျော်စွာကား ငယ်သူပီပီ စိတ်ထက်လှသလို စိတ်လိုက်မာန်ပါလည်း ပြုမူတတ်၏။ သို့သော်လည်း ရန်သူကို ဒူးမထောက်သည့် သူရဲကောင်းစိတ်ဓာတ် အပြည့်ရှိသည်။ နောက်ဆုံး ဒလစစ်ပွဲ၌မကျဆုံးမီ မိမိတစ်ဦးတည်း တိုက်သွားသည်မှာ ရန်သူတပ်လေးတပ်ပင် ပျက်စီးချေ၏။ နောက်မှ ဆင်တော်မောလွန်းလှပြီး ဆင်ကူရောက်မလာသဖြင့် အညှံ့ခံရခြင်း ဖြစ်သည်။

ဘကြီးတော်စပ်သူ ရာဇဓိရာဇ်ကလည်း မင်းရဲကျော်စွာကို လက်ဝယ်ပိုင်ပိုင်ရသည့်တိုင် 'မင်းသားငယ်၊ သင့်ကိုရ၍ ငါ အထူးဝမ်းသာခြင်းမရှိပါ။ သည်မှာနေ၍ ဆေးဝါး၊ ထမင်းကို စားပါ။ ကုသ၍ပျောက်ကင်းသော် သင်နေလိုက နေပါ။ သမီးတော်နှင့်စုံဖက်၍ အိမ်ရှေ့အရာပေးပါမည်။ အင်းဝသို့ပြန်လိုလျှင်လည်း အမတ်တို့နှင့် ပို့ဆောင်ပါမည်။ ကျန်းမာအောင်သာ ပြုပါ' ဟုဆိုကာ ဆေးဝါးတို့ကိုပေးလေသည်။

မင်းရဲကျော်စွာကား 'မွန်တို့ဆေးဝါးကို ငါမစားပြီ။ ဟံသာဝတီကိုမရဘဲ မပြန်ဟု ငါ အဓိဋ္ဌာန်ရှိသည်။ ယခု ဤသို့ဖြစ်ခဲ့ပြီးမှ သူ့ကျွန်ဟူသောအမည်ကို ငါမခံပြီ။ သေသော်ကမှ ကောင်းသေး၏။ ငါ့ကိုစီရင်လိုက စီရင်လော့'ဟု ဆိုကာ ထိုညဉ့်၌ပင် ဆင်ထိသောအနာသည်း၍ အနိစ္စရောက်လေသည်။

မင်းရဲကျော်စွာကား အသက်အငယ်ဆုံး စစ်ဘုရင်သာမက အရဲရင့်ဆုံးသော သူရဲကောင်းလည်း ဖြစ်ပေသည်။ ■





သူရဲကောင်းကို တန်ဖိုးထားသည့်

## မွန်ဘုရင် ရာဇဓိရာဇ်

မြန်မာသက္ကရာဇ် ၇၄၅ ခုနှစ်တွင် ဟံသာဝတီထီးနန်းကို သိမ်းပိုက်ရရှိသော ဗညားနွဲ့မင်းသားသည် 'ရာဇဓိရာဇ်'ဘွဲ့မည်ဖြင့် နန်းတက်လေသည်။ ထိုမင်းတွင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော အမတ်သူရဲကောင်း များစွာရှိ၏။ ယင်းတို့အနက် 'လဂွန်းအိမ်'ဘွဲ့ခံ မသလုံကား သူရဲကောင်းပီသလှသည့် မွန်အမတ်တစ်ဦး ဖြစ်လေသည်။ တစ်ခါသော် ရာဇဓိရာဇ် မြောင်းမြကိုတိုက်စဉ်တွင် ပုသိမ်သားတို့ ရေကြောင်းမှနေ၍ မြောင်းမြဘက်မှ လာကူမည်ဆိုကြသည်။ သို့အတွက် ရာဇဓိရာဇ်က ပုသိမ်သားတို့ကိုနှိမ်နင်းရန် သူရဲကောင်းလဂွန်းအိမ်ကို တာဝန်ပေးတော်မူသည်။ ထိုမျှကြီးမားသောတာဝန်ကို လဂွန်းအိမ်အနေဖြင့် အားတက်ကြိုးပမ်း ထမ်းရွက်ရန်အလို့ငှာ ရာဇဓိရာဇ်က မိဖုရားတလသုတမာယာကို ကွမ်းတော်ခွက်နှင့် ကွမ်းထည့်ကာ ဦးခိုက်၍ထွက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် သူရဲကောင်းလဂွန်းအိမ်မှာလည်း စဉ်းစားလျက်ရှိ၏။ 'ရန်သူ့ရေကြောင်းအင်အားက ငါတို့ထက် ပို၍များသည်။ အသက်စွန့်၍တိုက်မှဖြစ်မည်။ တို့သခင်က တို့ကိုချစ်၊ မချစ် စိတ်တော်စမ်းမည်။ ချစ်သည်မှန်သော် အမှုတော်ကို အသက်နှင့်ရှက်၍ထမ်းမည်'ဟု ဆုံးဖြတ်ကာ ခေါင်းမြီးခြုံ၍ အိပ်နေလေ၏။

နံနက်မိုးသောက်သော် လဂွန်းအိမ် အမှုတော်မဝင်သဖြင့် အမတ်ဒိန်နှင့် ဗိုလ်မင်းဖြတ်ဖတို့ လာရောက်စုံစမ်းကြသည်။ လဂွန်းအိမ်က ခေါင်းမြီးခြုံရာမှ 'ယမန်နေ့က မိဖုရားတလသုတမာယာ ကွမ်းထည့်ရာတွင် ရင်ဝတ်တော် လျှောသည်ကို မြင်မိသည်နှင့် မအိပ်နိုင်၊ မစားနိုင်ဖြစ်မိချေပြီ။ သွားလည်း သေမည်၊ နေလည်း သေမည့်အတူတူ မသွားတော့ပြီ'ဟု မာယာဖြင့်ဆိုလေ၏။ အမတ်ဒိန်နှင့် ဖြတ်ဖလည်း လဂွန်းအိမ် အမှုတော်မဝင်ကြောင်း ရာဇာဓိရာဇ်အား လျှောက်လျှင် 'အဘယ့်ကြောင့်နည်း'ဟု မေးတော်မူ၏။

အမတ်ဒိန်တို့လည်း 'ကောက်ကျစ်သော အမှုတော်ထမ်း၏စကားကို အကျွန်တို့ မဆိုသာပြီ'ဟုဆိုလျှင် ရာဇာဓိရာဇ်လည်း 'ဆိုသာဆိုလော့'ဟု မိန့်တော်မူသဖြင့် လဂွန်းအိမ်ဆိုတိုင်း လျှောက်ကြလေ၏။ ထိုအခါ ရာဇာဓိရာဇ်သည် လေးနက်စွာဖြင့် 'မိဖုရားကို ငါမနှမျော။ သင်းကိုသာ နှမျောသည်'ဟုဆိုကာ မိဖုရားကိုခေါ်တော်မူ၍ နားချဆုံးမတော်မူလေသည်။ မိဖုရားလည်း ခြေတော်ကိုဦးခိုက်၍ ကြူကြူပါအောင် ငိုကြွေး၏။

ထို့နောက် မိဖုရားကို ရွှေလောင်းပေါ်တွင်တင်၍ အမတ်ဒိန်နှင့် ဖြတ်ဖတို့က နောက်မှလိုက်ကာ လဂွန်းအိမ်ထံသို့ ပို့ဆောင်စေ၏။ လဂွန်းအိမ်သည် မိဖုရားလာသည်ကိုမြင်သည်နှင့် ဖောင်တော်သို့ထွက်ကာ လက်ဆောင်ပဏ္ဏာများနှင့် ရိုသေစွာဦးခိုက်ကာ 'အကျွန်ုပ် သခင်၏စိတ်ကို စမ်းခြင်းဖြစ်ပါသည်။ သူရဲကောင်းတို့ကို အမှန်စင်စစ်ချစ်သည်ကို သိရပါပြီ'ဟု လျှောက်၏။ ထို့နောက် အရှင်များကိုဦးခိုက်ပြီး တပ်နှင့်ထွက်၍တိုက်ရာ ပုသိမ်သားတို့၏လှေတပ်ကို ကောင်းစွာအောင်နိုင်လေ၏။ ■





သဘောထားပြည့်ဝ၍ ရဲရင့်သော

## မွန်အမတ်သူရဲကောင်း သမိန်ဗရမ်း

အင်းဝရွှေမြို့တော်တွင် ဘုရင်မင်းခေါင် နန်းစံစဉ်က ဖြစ်သည်။ တရုတ်တို့သည် မော်တုံမော်ကယ်စားကို မိသားစုနှင့်တကွ ဖမ်းဆီးထားသည်ဟုဆိုကာ အင်းဝကို လာဝိုင်းကြလေသည်။ တစ်လကြာသည့်တိုင် ဘုရင်မင်းခေါင်က ထွက်လည်း မတိုက်၊ တရုတ်တို့လိုသည်ကိုလည်း ထုတ်မပေးသောအခါ တရုတ် တို့က ဤသို့ဆိုလေသည်။

'ဤအတိုင်းသာ အချိန်ကုန်၍မဖြစ်။ ငါတို့ဘက်က မြင်းစီးသူရဲတစ်ယောက်၊ နေထွက်ဘုရင်တို့ဘက်က မြင်းစီးသူရဲတစ်ယောက် ထွက်၍စီးချင်းထိုးစေမည်။ ငါတို့သူရဲ ရှုံးပါက ပြန်ကြမည်။ နေထွက်ဘုရင်တို့သူရဲ ရှုံးပါက မော်တုံမော်ကယ်စားနှင့်တကွ မိသားစုတို့ကိုပါ ပေးပါလော့'

ထိုအခါ ဘုရင်မင်းခေါင်လည်း မှူးမတ်တို့နှင့် တိုင်ပင်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

'ငါတို့ သူရဲကောင်းမှန်သမျှ သားတော်မင်းရဲကျော်စွာနှင့်အတူ မွန်တို့ပြည်၌ စစ်ပွဲဆင်နွှဲနေ၏။ ဘယ်သို့ပြုကြမည်နည်း'ဟုဆိုလျှင် ပေါင်းတည်စားက 'ရာဇဓိရာဇ်၏ သားမက်တော် သမိန်ဗရမ်းဘွဲ့ခံ မင်းညီတုံးအမည်ရှိ မွန်သူရဲကောင်းတစ်ယောက် ချုပ်နှောင်ထားသည်မှာ သုံ့ပန်းအဖြစ် ရှိပါသည်။ အရှင်မင်းကြီး စုံစမ်းတော်မူပါ'ဟု လျှောက်လေသည်။

ဘုရင်မင်းခေါင် မေးတော်မူသောအခါ သမိန်ဗရမ်းလည်း 'ခုခါတွင် ကျွန်တော်မျိုးသည် အချုပ်အနှောင်ဘဝဖြင့် ပင်ပန်းညှိုးနွမ်းစွာနေရသည်မှာ မှန်သော်လည်း တစ်ယောက်ချင်းယှဉ်ပြိုင်ရာတွင် လာလိုသသူ လာပါစေ၊ မရှောင်ပါ။ တိုက်မည်'ဟု လျှောက်လျှင် အကျဉ်းမှလွှတ်ကာ ခေါင်းဆေး၊ ကျွေးမွေး၊ အဝတ်အစားပေးပြီး 'တရုတ်သူရဲကိုနိုင်လျှင် ကြီးစွာချီးမြှောက်ခြင်းပြုမည်'ဟု မိန့်တော်မူလေသည်။

ဘုရင်မင်းခေါင်က 'အင်းဝတွင်ရှိသမျှ ကြိုက်ရာမြင်းကို ယူစေ'ဟု ဆိုသော်လည်း သမိန်ဗရမ်းက ကျုံးနားမှ မန်ကျည်းစေ့ရောင် မြင်းတစ်ကောင်ကိုရှာဖွေကာ ခုနစ်ရက်မျှ စီးနင်းလေ့ကျင့်ပြီး 'ဤမြင်းနှင့်တိုက်မည်'ဟု ဆိုလေသည်။ တရုတ်သူရဲကောင်း ဂါမဏိကား မြင်းနီကြီးကို ရွှေကြိုးနှင့် ချပ်ဝတ်တန်ဆာများဆင်ကာ နတ်မြင်းပျံအလား တင့်တယ်အောင်ဆင်ယင်ထား၏။

စီးချင်းထိုးမည့်နေ့တွင် ဘုရင်မင်းခေါင်က သမိန်ဗရမ်းအား လက်သုံးတော်ပတ္တမြားကျောက်စီဓားကိုပေးပြီး 'သတိကြီးစွာထားလော့။ ဘာလိုသေးသနည်း' ဟု မေးတော်မူလျှင် သမိန်ဗရမ်းလည်း 'စိတ်ချတော်မူပါ။ နိုင်စေရပါမည်။ ရန်သူကျလျှင် ခေါင်းကို ချွန်းနှင့်ချိတ်ငင်ဖြတ်ယူပြီး ခြင်းတွင်ထည့်လာပါမည်။ သို့အတွက် ချိတ်စရာချွန်းနှင့် ထည့်စရာခြင်းသာ ပေးတော်မူပါ'ဟု လျှောက်လေသည်။

စီးချင်းထိုးမည့်နေရာတွင်ကား လာရောက်ကြည့်ရှုသည့် ရဟန်းရှင်လူတို့ဖြင့် ပြည့်ကျပ်နေ၏။ သူရဲကောင်းနှစ်ဦး ဆိုင်မိကြသော် သမိန်ဗရမ်းက 'ငါတို့နှစ်ဦးကား သူရဲကောင်းများပီပီ အများလူပုံအလယ်တွင် သန့်သန့်ရှင်းရှင်း စီးနင်းတိုက်ခိုက်ကြပါစို့'ဟုဆိုကာ မြင်းစီးအတတ်ကို အလျင်ပြလေသည်။ ဂါမဏိလည်း သမိန်ဗရမ်းကဲ့သို့ လိုက်၍တုပကာ စီးပြ၏။ နောက်တစ်ကြိမ် သမိန်ဗရမ်းက မြင်းပေါ်တွင်ရပ်ကာ မြင်းရေးပြရာ ဂါမဏိလည်း လိုက်တု၍ စီးပြ၏။ နောက်တစ်ကြိမ် သမိန်ဗရမ်းက လက်နှစ်ဖက်ကိုဆန့်တန်း၍ စီးပြန်ရာ ဂါမဏိလည်း လိုက်တု၍စီးပြလေသည်။ ဤသို့စီးပြရင်း ဂါမဏိ၏ သံချပ်ကာအကျီမှ ချပ်ကြိုးတစ်ဖက်ပြတ်နေသည်ကိုမြင်လျှင် 'ငါတို့နှစ်ယောက် မြင်းရေးပြသည်မှာ သုံးကြိမ်စေ့ခဲ့ပြီ။ ယခုသော် အနိုင်တိုက်ကြတော့အံ့'ဟုဆိုကာ သမိန်ဗရမ်းလည်း လှံကိုနောက်တွင်ထားကာ လက်တစ်ဖက်ဆန့်တန်း၍ စီးလေသည်။ ဂါမဏိလည်း သမိန်ဗရမ်းကဲ့သို့ လက်တစ်ဖက်ဆန့်တန်းကာ လိုက်၍စီးလေသည်။ အနားသို့ရောက်လျှင် သမိန်ဗရမ်းက မြင်းကိုရုတ်ခြည်းလှည့်၍ ယာဘက်ကိုပတ်သောအခါ ဂါမဏိက ဓားကိုမြှောက်၍ခုတ်ရာတွင် ဆန့်ထားသည့်လက်အောက် ချပ်ကြိုးပြတ်သည့်နေရာ၌ လက်လေးသစ်ခန့် လွတ်နေသည်ကို လှံဖြင့်ထိုးလိုက်ရာ လက်ဝဲမှလက်ယာသို့ ထုတ်ချင်းပေါက်လေသည်။

ထိုအခါ သမိန်ဗရမ်းလည်း ဂါမဏိကို ချွန်းဖြင့်ချိတ်ဆွဲယူကာ ခေါင်းကိုဖြတ်၍ ခြင်းတွင်ထည့်ပြီး မြို့တွင်းသို့ဝင်လေသည်။

ဘုရင်မင်းခေါင်လည်း ရန်သူသုံ့ပန်းပင်ဖြစ်သော်လည်း သဘောထားပြည့်ဝသော သမိန်ဗရမ်းအား အထူးပင်အားရ၍ ဆုလာဘ်များပေးပြီးလျှင် တရုတ်ရာဇသူ့သမီးငယ်နှင့် စုံဖက်ကာ လယ်ကိုင်းမြို့ကို အပိုင်စားစေသည်။ တိုင်းသူပြည်သားတို့ကလည်း ကျေးဇူးရှင် မွန်သူရဲကောင်းအား များစွာသော ဆုလာဘ်များ ပေးကြ၏။ ရှုံးသောတရုတ်တို့ကား ကတိစကားအတိုင်း လှည့်ပြန်ကြလေသည်။

■





www.burmeseclassic.com

www.burmeseclassic.com



သခင်အပေါ် သစ္စာကြီးသည့်

## မွန်သူရဲကောင်း ဥပါကောင်း

ပြည်မြို့ကို မွန်တို့ အလုံးအရင်းနှင့်ချီ၍ တိုက်ကြသောအခါ အင်းဝဘုရင်မင်းခေါင်နှင့် သားတော်မင်းရဲကျော်စွာတို့ ဆင်း၍ ခုခံတိုက်ခိုက်ရတော့၏။ ပြည်တိုက်ပွဲတွင် မင်းရဲကျော်စွာသည် မွန်တပ်သားတစ်ယောက်ကို သတိပြုမိ၏။ ထိုမွန်တပ်သားသည် တိုက်ပွဲကာလတိုင်းတွင် ဆင်စီး၍လည်းကောင်း၊ မြင်းစီး၍လည်းကောင်း၊ ရံဖန်ရံခါ ခြေလျင်တိုက်ပွဲများတွင်လည်းကောင်း မမိုတ်မသုန်ဆင်နွှဲပါဝင်လျက်ရှိရာ မင်းရဲကျော်စွာက ထိုမွန်တပ်သားကို တွေ့လိုသည်ဟု ဆိုကာ စေလွှတ်လိုက်၏။

ထိုမွန်တပ်သား၏အမည်ကား 'ဥပါကောင်း'ဟူ၍ ဖြစ်သည်။ သူသည် တပ်မှူး အဲဖြရဲ၏တပ်မှ တပ်သားဖြစ်၏။ ထို့ပြင် ရာဇဓိရာဇ်၏ သားမက်တော်လည်းဖြစ်ပေရာ မင်းရဲကျော်စွာနှင့်တွေ့လျှင် ကွပ်မျက်ခံရနိုင်ချေသည်။



မင်းကေရာဇ်၏ သားတော်က တွေ့ခွင့်တောင်းပါလျက် မထွက်ပါကလည်း မသိသား ဆိုးရွားရာကျပေမည်။ 'အခြားကိစ္စများ အထွေအထူးမရှိပါက လာတွေ့ပါမည်'ဟု ဥပါကောင်းက လျှောက်လိုက်လေ၏။

မင်းရဲကျော်စွာသည်လည်း ဥပါကောင်းကို 'လျင်မြန်သန်စွမ်းသည်၊ ဆင်စီး၊ မြင်းစီး ကျင်လည်သည်ဆို၍ မြင်တွေ့လိုခြင်းသာ ဖြစ်သည်။ အထူးအထွေ ကိစ္စမရှိပါ'ဆိုမှ ဥပါကောင်းလည်း ထွက်လာလေ၏။ မင်းရဲကျော်စွာကလည်း လှော်ကားလှေနှင့် ဆီးကြို၏။ ဥပါကောင်းကလည်း ပါလာသည့် လက်ဆောင် ပုဆိုးနှင့်တကွ ရွှေဖလားတို့ကို ဆက်သလေသည်။ တွေ့သည်နှင့် မင်းရဲကျော်စွာက စတင်၍ဆို၏။

'သင်၏ဟန်ပန်ကို ကျွန်ုပ်ကိုယ်တိုင် မြင်ရချေပြီ။ ကျော်သည့်အတိုင်း ညီပါပေသည်'

ဥပါကောင်းကလည်း 'အချည်းနှီးချီးမွမ်းသည်ထက် လှေလျင်တစ်စင်း၊ မြင်းလျင်တစ်စီး၊ ခြေလျင်တစ်ယောက်ချင်း လက်ရုံးရည်ပြရမှသာ သိတော်မူပါမည်'ဟု ဆိုလေသည်။

'ငါမြင်လို၍သာ သင့်ကိုခေါ်ခြင်းဖြစ်သည်။ ငါ့တွင် သူရဲကောင်း မရှားပါ။ အကယ်၍ တစ်ယောက်ချင်းယှဉ်ခဲ့သော် ဘကြီးတော်ရာဇဓိရာဇ်က သင့်ကို ဥပါယ်ပြုသည် ဆိုအံ့။ စိတ်မပျက်လင့်။ သင် ငါ့ကျွန်ခံသော် ပြည်စားပျံချီနှင့်အညီ မြှောက်စားတော်မူမည်။ အသို့နည်း'

'အကျွန်ုပ်သည် အရှင့်ဘကြီးတော်၏ကျွန် ဖြစ်ပါသည်။ မြန်မာတို့ထဲတွင် နေခွင့်မရှိပါ'

'ဘကြီးတော်နှင့်ငါ စစ်ပွဲများစွာ တွေ့စရာရှိသေးသည်။ လက်လွန်၊ ခြေလွန်ဖြစ်ခဲ့သော် ငါမဆိုနိုင်။ အရှင်ရမိက သင် မသေစေရ'

'အကျွန်ုပ် ဘကြီးတော်၏သူရဲကောင်း ဖြစ်ပါသည်။ စစ်ပွဲတွင် အရှင်မရနိုင်ပါ'

မင်းရဲကျော်စွာလည်း ပြုံးတော်မူ၏။ ပြီးမှ ပတ္တမြားလက်စွပ်၊ ပတ္တမြားလက်ကောက်နှင့် ရွှေကသောမြင်းနှစ်စီး၊ တရုတ်ပုဆိုးတို့ကို ပေးသနားတော်မူလေသည်။ မှတ်သားစရာကား ထိုအခါကာလက ယောကျ်ားပီသစွာ စစ်ပွဲ၌



www.burmeseclassic.com

www.burmeseclassic.com

သာ အနိုင်လုပ်ကြီ တိုက်ခိုက်ကြလေသည်။ စစ်နားစဥ်အခါ၌မူကား တစ်ဦးကို တစ်ဦး မကျူးလွန်သည့်အပြင် လက်ဆောင်များပေးကမ်းကာ မိတ်ဆွေရင်းချာ ကဲ့သို့ ဆက်ဆံလေသည်။ ■





ဘုန်းလက်ရုံးနှင့် ပြည့်စုံသော

## အလောင်းစည်သူမင်းကြီး

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် တစ်ခါတွင် ဗိုလ်ရှုသဘင် ခံတော်မူရင်း လက်ရုံးတော်ကိုဆန့်တန်းကာ ကြုံးဝါးတော်မူလိုက်၏။ သက်တော် ကြီးပြီဖြစ်၍ လက်ပျဉ်းများကျနေသည်ကိုကြည့်ကာ မှူးမတ်တို့က ရယ်ကြလေ ၏။ မင်းကြီးမြင်သောအခါ 'အမတ်တို့က ငါ့ကိုမစွမ်းပြီဟု ရယ်ကြသည်တကား။ သိစေအံ့'ဟုဆိုကာ စိတ်ထဲမှ ကြုံးဝါးလိုက်လေ၏။

တစ်နေ့သ၌ ညီလာခံတွင် မင်းကြီးက 'ဟယ် ... လက်ဝဲ၊ လက်ယာ အမတ်တို့။ ဦးပေါင်းကျားနှင့် ယောက်ျားတစ်ယောက် မြင်းကိုစီး၍ နေဝင်ချိန် တိုင်း တူရွင်းတောင်ခြေရင်းဝယ် လာသမျှကို အနိုင့်အထက်လုယက်နေသည် ကို သင်တို့ မကြားကုန်သလော။ သင်တို့လေးယောက် ရအောင်ဖမ်းချေ။ မရသော် သင်တို့ကို သတ်အံ့'ဟု မိန့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမတ်စစ်သူကြီးလေးဦးလည်း မြင်းတင်းကုပ်မှ မြင်းကောင်းလေးစီးကို ရွေးချယ်ပြီး ရအောင်ဖမ်းမည်ဟုဆိုကာ အားတက်သရောဖြင့် ထွက်ခွာသွားကြလေသည်။ ညနေရောက်လျှင် မင်းကြီးလည်း မိမိ၏မြင်းကို ဝမ်းတွင် ဝတ်ရုံဖြူရစ်၍ မြီမြီစွာကပြီးသော် ဓားကိုလွယ်လျက် ဦးပေါင်းကျားပေါင်းကာ တူရွင်းတောင်ခြေသို့ အပြင်းနှင်တော်မူလေသည်။


စစ်သူကြီးလေးဦးလည်း မင်းကြီးကိုမြင်သော် ရအောင်လိုက်ကြလေသည်။ မင်းကြီးကား မြင်းရေးကျွမ်းကျင်သူပီပီ ပူးတုံခွာတုံပြုကာ ညောင်ဦးကမ်းပါး ချောက်သို့ဆင်း၍ ပန်းနေသောမြင်းကို ရေချလေသည်။ စစ်သူကြီးလေးဦးကား 'ငါတို့ကိုကြောက်၍ ချောက်သို့ဆင်းလေသည်'ဟု တွေးလေသည်။ မင်းကြီးလည်း မြင်းတော်အပန်းပြေလျှင် ချောက်မှပြန်တက်ကာ ဝိုင်းရံထားသော စစ်သူကြီးမြင်းလေးစီးကို ဖောက်ထွက်၍ ကပ်လိုက်ခွာလိုက်ပြုကာ ကွင်းပြင်တွင် မြင်းရေးပြနေလေသည်။

စစ်သူကြီးလေးဦးကား ဦးပေါင်းကျားနှင့်လူကိုကြည့်၍ 'ဤသူသည် လူမဟုတ်၊ နတ်ဘီလူးဖြစ်ရာသည်'ဟုဆိုကာ ကြောက်ရွံ့လာကြသည်။ မင်းကြီးသည် စစ်သူကြီးမြင်းလေးစီးကို ရှေ့မှ၊ နောက်မှ၊ ဝဲမှ၊ ယာမှ ကပ်ချည်ခွာချည် သုံးကြိမ်ပြုပြီးမှ နန်းတော်သို့ပြန်လေသည်။

နံနက်မိုးသောက်သော် ညီလာခံပြုချိန်၌ စစ်သူကြီးလေးယောက်ကို ရှေ့တော်သွင်းကာ 'ဟယ် . . . အမတ်တို့၊ ဦးပေါင်းကျားနှင့် မြင်းစီးသောခိုးသူကို တွေ့ပြီလော'ဟု မေးတော်မူလေသည်။ ထိုအခါ စစ်သူကြီးလေးဦးလည်း 'အရှင်မင်းကြီး၊ ဤခိုးသူကား လူမဟုတ်၊ နတ်ဘီလူး ဖြစ်တန်ရာသည်။ အကျွန်တို့မြင်းလေးစီးကို ထားဘိ၊ နိုင်ငံရှိ မြင်းသည်အပေါင်း ဝိုင်းဝန်းဖမ်းသော်မှ ရနိုင်ဖွယ်မရှိပါ'ဟု လျှောက်တင်ကြလေသည်။

ထိုအခါမှ အလောင်းစည်သူမင်းကြီးက 'ဟယ် . . . အမတ်တို့၊ နင်တို့ ငါ့ကို အိုပြီမှတ်၍ ရယ်သွမ်းသွေးကြသည်၊ ငါမအိုသေး'ဟု မိန့်တော်မူရာ မှူးမတ်အပေါင်းတို့ အကြောင်းစုံသိရှိပြီး လွန်စွာ ကြောက်ရွံ့ကြလေသည်။ အလောင်းစည်သူမင်းကား ဘုန်းလက်ရုံးနှင့်ပြည့်စုံရုံမက ဆင်စီး၊ မြင်းစီး၊ လေးမြားအတတ်တို့၌လည်း အပြီးတိုင်တတ်မြောက်သူ ဖြစ်လေသည်။ ■





ရဲရင့်သော သူရဲကောင်း

## ရန်မန်ငထွေး

မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံပြည်၌ နရပတိစည်သူမင်းကြီး နန်းတက်လေသည်။ တစ်ခါသော် ထိုမင်းသည် ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားနှစ်ဆူကို ထီးတော်တင်တော်မူမည်ဟူ၍ ဖောင်တော်နှင့် ဆန်တက်လေသည်။

တစ်နေရာသို့အရောက်တွင် မိကျောင်းကြီးတစ်ကောင်သည် မင်းကြီး၏ ဖောင်တော်ကို ကျောက်ကုန်းထက်ရွက်၍ ချုပ်ကိုင်လေသည်။ ရုတ်တရက် ဖြစ်လေသောကြောင့် မင်းနှင့်တကွ ဖောင်တော်စီးအားလုံးတို့သည်လည်း မည်သို့မျှ မလုပ်တတ်ဘဲရှိစဉ် 'ရန်မန်ငထွေး'ဟူသော မင်းချင်းတစ်ယောက်သည် ရေဝယ်ဆင်း၍ငုပ်ပြီးသော် မိကျောင်းနှင့် တိုက်ခိုက်လေသည်။ အချိန်အနည်းငယ်အတွင်းတွင် မိကျောင်းကို သန်လျက်နှင့်ထိုးကာ အသေသတ်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ရန်မန်ငထွေးဟူသော သူရဲကောင်းသည်ကား ကျားကိုလည်း တစ်ယောက်ချင်း သတ်စေ၏။ ဆင်ကိုလည်း တစ်ယောက်ချင်း သတ်စေ၏။ မင်းကြီးလည်း ရန်မန်ငထွေးအား အလွန်ရဲရင့်ပြီး ရန်များကိုအောင်ဖန်များသော သူတို့ကိုသာ ပေးလေ့ရှိသည့် 'အနန္တသူရိယ'ဘွဲ့မည်ကို ပေးလေသည်။

ထိုနေ့မှစ၍ ရပ်စွန်၊ ပြည်နား ခိုးသားဓားပြ၊ သူပုန်သူကန် ရှိသောအခါ တိုင်း အနန္တသူရိယကိုသာ စေတော်မူလေသည်။ စေတော်မူတိုင်းလည်း ရန်သူတို့ကို အရှင်ရအောင်ဖမ်းခဲ့သည်က များလေသည်။

အနန္တသူရိယကား လက်ရုံးရည်၌ စွမ်းသည်သာမက အရှင်၏အကျိုးကို သံသရာအတွက်ပါ သယ်ပိုးထမ်းဆောင်ခဲ့ပေသေးသည်။ သူသည် မဟာကဿပအမည်ရ ပေါင်းလောင်းရှင်မဟာထေရ်ကို ဆရာပြု၍ ဘုရား၊ သိမ်၊ ကျောင်းတို့ ကြီးကျယ်စွာဆောက်လုပ်ပြီးသော် သဘင်ကြီးစွာခံလျက် လှူဒါန်းလေသည်။ ထိုသို့ လှူဒါန်းသောစာရင်းကိုလည်း မင်းကြီးရှေ့၌ဖတ်စေပြီး သာဓုခေါ်တော်မူ၏။

ထိုအခါ မင်းကြီးလည်း အနန္တသူရိယ၏လုပ်ရပ်ကိုကြည့်၍ 'ပစ္စုပ္ပန်၊ သံသရာအကျိုးကို ဤသူကဲ့သို့ သယ်ပိုးသောသူကား မရှိပြီ'ဟု မိန့်တော်မူလေသည်။ ထို့ပြင် 'ဤသူကား ငါ၏အကျိုးကို လိုလားလှသည်'ဟုဆိုကာ ဖေယျာသိခ်နှမတော် မင်းသမီးနှင့် စုံဖက်ပေး၍ ကြီးစွာသောအဆောင်အယောင်တို့ကို ပေးလေသည်။ ■





လက်ရုံးခွန်အားနှင့်ပြည့်စုံသော

## ပန်းပဲမောင်တင့်တယ်

သာသနာသက္ကရာဇ် ၈၈၈ ခုနှစ်တွင် တကောင်းပြည်၌ ပန်းပဲအလုပ်လုပ်ကိုင်သည့် 'မောင်တင့်တယ်'ဟူသော လူငယ်တစ်ယောက် ရှိလေသည်။ မောင်တင့်တယ်ကား ခွန်အားဗလကြီးလှသောကြောင့် ပန်းပဲမောင်တင့်တယ်ဟု ကျော်စောထင်ရှား၏။ ၁၆ နှစ်သားအရွယ်တွင် ထမင်း ဆန်တစ်စိတ်ချက်စားနိုင်ပြီး ဆင်ကောင်ကြီးကိုပင်လျှင် မ,ချီနိုင်သော ခွန်အားနှင့် ပြည့်စုံရုံမက အစွယ်ကိုလည်း ချိုးပစ်နိုင်၏။ လုံးပတ် ထွာဆိုင်ခန့်ရှိ၍ အရှည်လေးတောင်ရှိသော သံချောင်းကိုလည်း ဦးခေါင်း၌တင်ကာ လက်နှစ်ဖက်ဖြင့်ဆွဲ၍ ကွေးညွတ်စေနိုင်၏။

ထိုသတင်းကို တကောင်းပြည့်ရှင်မင်းကြီး ကြားလေသော် 'သင်းသည် ဤခွန်အားဖြင့် ငါ့ထီးနန်းစည်းစိမ်ကို တစ်နေ့ လုရာ၏။ ဖမ်း၍သတ်လေ'ဟု



www.burmeseclassic.com


www.burmeseclassic.com

မှူးမတ်တို့ကို မိန့်လေသည်။ မောင်တင့်တယ်ကား ထိုသတင်းကိုကြားသောအခါ သေဘေးမှလွတ်ရာ ဝေးခေါင်သောအရပ်ဒေသသို့ရှောင်ကာ ပုန်းနေလေ၏။

သို့တိုင် စိတ်မအေးသေးသော ဘုရင်ကြီးသည် မောင်တင့်တယ်၏နှမ 'စောမယ်ယာ'ကို မိဖုရားမြှောက်ပြီးလျှင် တစ်ဖက်လှည့်ဖြင့် 'သင့်မောင်ကား ခွန်အားကြီးလှ၍ ငါ့မြို့ကို ကွပ်ကဲစေလိုသည်'ဟု မိန့်လေသည်။ နှမဖြစ်သူက ယုံသဖြင့် အစ်ကိုကြီးမောင်တင့်တယ်ကိုခေါ်လာရာ ဘုရင်ကြီးက ဖမ်းဆီး၍ စကားပင်တွင်ချည်ကာ မီးရှို့သတ်လေသည်။ ထိုသတင်းကို နှမဖြစ်သူ မိဖုရားကြီး ကြားသောအခါ 'ငါ့မောင် ငါ့ကြောင့်သေရသည်'ဆိုကာ မီးထဲသို့ ခုန်ဆင်းလေသည်။ မင်းကြီးက အတင်းဆွဲသော်လည်း မမီလိုက်သဖြင့် မောင်နှမ နှစ်ယောက်စလုံး သေရလေသည်။

သေလွန်ပြီးနောက် နတ်မောင်နှမဖြစ်သောအခါ မီးရှို့ခံရသည့် စကားပင် တွင်ပင်နေလေသည်။ စကားပင်သို့ ဝင်ရောက်လာကြသော လူ၊ တိရစ္ဆာန်တို့မှာ အသေအပျောက်ရှိကြသဖြင့် ထိုစကားပင်ကို အမြစ်မှတူးကာ ဧရာဝတီမြစ်ထဲသို့ မျှောလိုက်လေသည်။ ပုဂံဆိပ်ကမ်းသို့ရောက်လျှင် သော်လည်ကြောင်မင်းက ဆယ်ယူကာ နတ်မောင်နှမရုပ်တုထုပြီး ပုပ္ပားတောင်တွင် နတ်ကွန်းနှင့် ထားလေသည်။ ထိုမှစ၍ မင်း၊ မှူးမတ်၊ ပြည်သူတို့က မောင်တင့်တယ် နတ်မောင်နှမ နတ်ကွန်းတွင် တစ်နှစ်တစ်ကြိမ် ပွဲကျင်းပကြလေသည်။ ■





မတရားမှုကို ဆန့်ကျင်သည့်

## သူဆင်းရဲ

သာလွန်မင်းတရားကြီးလက်ထက်တွင် 'ဗညားကျန်းဒေါ်'ဟူသော ဝန်ကြီး တစ်ပါး ရှိလေ၏။ တစ်ခါသော် ဝန်ကြီးသည် စစ်ကိုင်း၊ မန်ကျည်းတောဘက် သို့ရောက်ရာတွင် မန်ကျည်းရွက်နုချိန်ဖြစ်ရာ ဆင်းရဲသားများသည် အပင်ပေါ် တက်၍ မန်ကျည်းရွက်နုများ ခူးနေကြသည်ကို မြင်တွေ့ရလေ၏။ ဝန်ကြီး၏ စိတ်ထဲတွင် ဤမန်ကျည်းရွက်ခူးနေသော လူအုပ်ထဲ၌ ရဲရင့်သောသူ ပါတန် ကောင်း၏ဟု စူးစမ်းလိုသောစိတ်ဖြစ်ပေါ်ရာ မိမိနောက်လိုက်များကို 'မန်ကျည်း ရွက်ခူးနေသူများအား ရိုက်နှက်ချ'ဟု အမိန့်ပေးလိုက်လေသည်။ အပင်ပေါ်မှ သူဆင်းရဲအများစုမှာလည်း ကြားရုံနှင့်ပင် ဆင်းပြေးကြတော့၏။ အချို့ မန်ကျည်း ပင်ပေါ်တွင်ကျန်နေရာ 'လုံနှင့်ထိုး၊ သေနတ်နှင့်ပစ်'ဟူ၍ ထပ်မံအမိန့်ပေးပြန် ရာ ကြောက်လန့်ကြ၍ အားလုံးဆင်းပြေးကုန်တော့၏။ သစ်ပင်ပေါ်တွင်ကား



www.burmeseclassic.com

www.burmeseclassic.com

ဆင်းမပြေးသူ တစ်ယောက်သာကျန်ခဲ့၏။ ထိုတစ်ယောက်သောသူကမူ 'ဤဝန်ကြီးသည် ငါတို့ဆင်းရဲသားများအား မတရားပြုဘိသည်။ ဤမတရားသောသူ၏စကားကို ငါနားမထောင်နိုင်။ သတ်လိုက သတ်ပါစေတော့'ဟုတွေးကာ အပင်မှမဆင်းဘဲ နေလေ၏။

ထိုအခါ ဝန်ကြီးက 'အသင်သူဆင်းရဲ၊ အဘယ့်ကြောင့် ခုထိမဆင်းသေးသနည်း။ အသက်သေမည်ကို မကြောက်သလော'ဟုမေးရာ သူဆင်းရဲက 'အရှင်ဝန်မင်း၊ အရှင်ဝန်မင်းကို ဘုရင်ကခန့်ထားသည်မှာ တိုင်းရေးပြည်ရာအတွက် ကြည့်ရှုလျက် ခိုးသားဓားပြများကိုစီရင်ရန် ခန့်ထားခြင်းဖြစ်သည်။ မန်ကျည်းရွက်ခူးစားသော ဆင်းရဲသားများကို ညှင်းဆဲကလူပြု၍ အာဏာပြရန်မဟုတ်ပါ။ ယခု အရှင်ဝန်မင်းပြုလုပ်ပုံမှာ ဝတ္တရားနှင့်မညီပါ။ တရားသည်ဟုလည်း မထင်ပါ။ ထို့ကြောင့် မလိုက်နာနိုင်ဘဲ အသက်အသေခံတော့မည်ဆိုကာ မဆင်းဘဲဖြစ်ပါသည်'ဟု ပြန်လျှောက်တင်လေသည်။

ထိုအခါ ဝန်မင်းလည်း ပြုံးရယ်လျက် 'ငါသည် သင်တို့၏ အရည်အချင်း၊ စွမ်းရည်သတ္တိကိုစုံစမ်းလို၍ ဤသို့ပြုခြင်းဖြစ်သည်။ သင်ကဲ့သို့သော အရည်အချင်း၊ သတ္တိနှင့်ပြည့်စုံသူကို အချည်းနှီးမဖြစ်စကောင်း'ဟုဆိုကာ အဝတ်အစား၊ ဆုလာဘ်များပေး၍ချီးမြှောက်ကာ သူကောင်းပြုလေသည်။ ■



www.burmeseclassic.com



တရားစောင့်သော

## ရခိုင်ဘုရင် မင်းထီး

သက်တော် ၉ နှစ်အရွယ်ကပင် ဖခင်၏ထီးနန်းကို ဆက်ခံခဲ့ရသော ရခိုင်ဘုရင်မင်းထီးသည် ဦးရီးတော် အနန္တာဘယ၏ရင်ခွင်ထက်မှနေ၍ မင်းပွဲသဘင် ခံရလေသည်။ အရွယ်ရောက်၍ ထီးနန်းကို ကိုယ်တိုင်အုပ်ချုပ်သောအခါ ဘုရင်မင်းထီးသည် အာဏာငါးရပ်ကို ထုတ်ပြန်တော်မူလေသည်။ ထိုအာဏာငါးရပ်ကား 'သားမကောင်းလျှင် အဖကိုစီရင်မည်။ မယားမကောင်းလျှင် လင်ကိုစီရင်မည်။ ထို့အတူ တပည့်မကောင်းလျှင် ဆရာ၊ ကျွန်မကောင်းလျှင် သခင်၊ သမီးမကောင်းလျှင် အမိကိုစီရင်မည်'ဟူ၍ ဖြစ်သည်။

တစ်ခါသော် လောင်းကြက်မြို့မှ သူဌေး၏ကျွန်နှစ်ယောက်သည် အခြားရွာမှ နွားတစ်ကောင်ကို ခိုးယူသတ်စားလေသည်။ ဖမ်းမိသောအခါ သူဌေးလည်း မင်းအာဏာကို ကြောက်လှသောကြောင့် ဘုရင့်ဦးရီးတော်ထံ ချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com

ကာ ငွေအသပြာတစ်ထောင်ကို ဆက်သလေသည်။ ဦးရီးတော်လည်း မစိုးရိမ်နှင့်ဟုဆိုကာ အသပြာကို လက်ခံထားလေသည်။

တရားခွင်၌ တရားခံများကိုစစ်ဆေးသောအခါ 'ဦးရီးတော် အနန္တဘယ၏ ကျွန်များဖြစ်ပါသည်'ဟု လျှောက်ထားကြသည်။ ဘုရင်မင်းထီးကား အခြားသော အမတ်တို့နှင့်တိုင်ပင်ကာ 'ငါတို့မင်းသည်ကား မည်သူ့မျက်နှာကိုမျှ မထောက်နိုင်။ ထုတ်ပြန်သည့်အာဏာအတိုင်း ကျွန်မကောင်းလျှင် သခင့်အား စီရင်လေ' ဟုဆိုကာ ဦးရီးတော်အား သူသတ်တို့လက်သို့ အပ်လေသည်။

တစ်ခါကလည်း မှူးမတ်တို့သည် နန်းတော်ညီလာခံ၌ ကွမ်းစားပြီးလျှင် နန်းတော်တိုင်များ၌ အမှုမဲ့၊ အမှတ်မဲ့ ထုံးသုတ်လေ့ရှိကြသည်ကို တွေ့လျှင် 'ထုံးသုတ်သူအားတွေ့ပါက သုတ်သည့်လက်ချောင်းကို ဖြတ်မည်'ဟု အမိန့်တော် ထုတ်ပြန်လေသည်။

တစ်နေ့သော် ဘုရင်မင်းထီးကိုယ်တိုင် နန်းတော်တိုင်တစ်တိုင်၌ အမှတ်မဲ့ ထုံးသုတ်မိလေသည်။ ၎င်းကို အမတ်တစ်ပါးက မြင်သွားလေရာ ထုံးသုတ်သော နေ့ရက်၊ နာရီ စသည်တို့ကို စာဖြင့် သေချာစွာရေးမှတ်ထားလေသည်။

ရက်အတန်ကြာသောအခါ ဘုရင်မင်းထီးသည် နန်းတော်ထဲ၌ မှူးမတ်စုံညီနှင့်တကွ နိုင်ငံခြားသံများနှင့်ပါ ညီလာခံကျင်းပနေစဉ် နန်းတော်တိုင်မှ ထုံးသုတ်ရာကိုမြင်ရာ အမျက်တော်ရှပြီး '၎င်းထုံးကို မည်သူသုတ်သနည်း'ဟု မေးလေသည်။ အမတ်အများစုမှာ မည်သို့မှ မလျှောက်ဝံ့ဘဲဖြစ်နေကြစဉ် စာဖြင့်မှတ်သားထားသော အမတ်ကမူ 'ဘုရင်မင်းမြတ် ကိုယ်တော်တိုင် မည်သည့်နေ့ရက်၊ မည်သည့်အချိန်က အမှတ်မဲ့ သုတ်မိကြောင်း' နိုင်လုံစွာ လျှောက်ထားလေသည်။

ထိုအခါ ဘုရင်မင်းထီးသည် 'ဤသို့ဆိုလျှင် ဤအမိန့်ဥပဒေကို ကျူးလွန်သည်မှာ ငါကိုယ်တော်တိုင်ပင်တကား'ဟုဆိုကာ မင်းပရိသတ်ရှေ့၌ပင် မိမိ၏လက်ညှိုးကို သန်လျက်ဖြင့် ဖြတ်တော်မူလေသည်။ မှူးမတ်ပရိသတ်တို့လည်း အံ့အားသင့်ကာ ချီးမွမ်းကြလေသည်။

ရခိုင်ဘုရင်မင်းထီးကား တရားစောင့်သော မင်းပေတကား။ ■





ဦးဆွေးဆံမြွေ

# အုတ်လှငယ်

မြန်မာစကားတွင် 'ဦးဆွေးဆံမြွေ'ဟူသောစကား ရှိသည်။ အဓိပ္ပာယ်မှာ အရင့်အကျိုးကို တာဝန်သိသိ၊ သစ္စာရှိရှိထမ်းရွက်ခြင်းဟု ဆိုလိုသည်။ ထိုစကား၏ သရုပ်သကန်ကို ပေါ်လွင်စေသောဖြစ်ရပ်ကို ပြပါဆိုလျှင် ပုဂံပြည်၊ နရသီဟပတေ့မင်း၏ ပညာရှိအမတ်ကြီး ရာဇသင်္ကြန်၏သားအငယ် အုတ်လှငယ်ခေါ် ရွှေပစ္စည်းအကြောင်းကို ဇာတ်ကြောင်းပြန်ရပါလိမ့်မည်။ မြန်မာသက္ကရာဇ် ၆၀၄ ခုနှစ်က ဖြစ်သည်။

ပုဂံပြည်တွင် နရသီဟပတေ့မင်း နန်းပြုစဉ် မဇ္ဈိမရိစားက ပုန်ကန်ခြားနားလေသောကြောင့် မင်းကြီးက အမတ်ကြီးရာဇသင်္ကြန်ကို အဦးအစီးပြုကာ နှိမ်နင်းရန် စေလွှတ်လိုက်လေသည်။ မဇ္ဈိမရိသို့ရောက်သောအခါ မြို့ကို လုံခြုံစွာ ပိုင်းရံပိတ်ဆို့ထားသဖြင့် မြို့တွင်းသားတို့ ငတ်မွတ်လာလေသည်။ မကြာမီပင်



www.burmeseclassic.com

www.burmeseclassic.com

မဇ္ဈိဂီရိစားလည်း အညွှံခံရလေတော့၏။

ထိုအကြောင်းကို မင်းကြီးအားလျှောက်တင်ရန်အတွက် အမတ်ကြီး ရာဇသကြ်န်သည် သားငယ်အုတ်လုငယ်ကို စေလွှတ်လိုက်လေသည်။ အုတ်လုငယ်လည်း စလင်းသို့ရောက်လျှင် လှေဖြင့် အဆက်မပြတ်ဆန်တက်၍ ခရီးနှင်လေသည်။ မင်းကြီးလည်း စစ်မြေပြင်မှသတင်းမလာသည်မှာ ကြာပြီဖြစ်၍ နံနက်ခင်းတွင် လေသာပြတင်းကိုဖွင့်၍ ကြည့်လေသော် လောကနန္ဒာဘုရားအလွန်တွင် ရွက်ကုန်ဖွင့်ကာ ဆန်တက်လာသော လှေတစ်စင်းကို မြင်လေသည်။ စစ်မြေပြင်မှလာသောလှေထင်၍ ခေါ်ယူမေးလေသော် လှေပေါ်မှနေ၍ 'ကျွန်တော် အုတ်လုငယ်ပါ'ဟု လျှောက်တင်လေသည်။

ထိုအခါ မင်းကြီးလည်း 'ငါက စစ်ရေးနှင့်ပတ်သက်၍ ကြောင့်ကြကာ မေးသည်ကို ဤသို့ လွယ်လင့်တကူ လျှောက်ရသလော'ဟု အမျက်ရှကာ 'အုတ်လုငယ်အား သတ်စေ'ဟု မိန့်လေသည်။ ထိုအခါ လက်မရွံ့တို့သည် ဓားဖွေးဖွေးဖြင့် လှေပေါ်သို့တက်လာကြလျှင် အုတ်လုငယ်က 'စစ်ရေးအကြောင်း လျှောက်ပါရစေဦး။ ပြီးမှသတ်ပါ'ဟုဆိုသဖြင့် မင်းကြီးလည်း ခွင့်ပြုကာ 'အုတ်လုငယ် လျှောက်တင်စေ'ဟု ဆိုလေသည်။

မင်းကြီးရှေ့သို့ရောက်လျှင် အုတ်လုငယ်သည် မိမိဦးခေါင်းတွင် ပတ်ထားသော မျက်နှာသုတ်ပဝါကို ဖွင့်လိုက်သောအခါ ဆံပင်တို့သည် အထွေးလိုက်ပြုတ်၍ကျလာလေတော့သည်။ ကျလာသောဆံပင်တို့တွင်လည်း သန်းများကျိကျိတက်လျက်ရှိသည်ကို မင်းကြီးမြင်တော်မူမှ အုတ်လုငယ်က 'ဦးဆွေးဆံမြွေ အမှုတော်ထမ်းသည်ကို မင်းကြီး မြင်တော်မမူ။ လွယ်လင့်တကူ လျှောက်တင်သည်ကိုသာ အပြစ်ဟုမြင်တော်မူသည်'ဟု လျှောက်လေသည်။ ထိုအခါမှ မင်းကြီးက 'ဟုတ်လှပေသည်'ဟုဆိုကာ ဝမ်းမြောက်ဝမ်းသာ ချီးကျူးဂုဏ်ပြုလေသည်။ ပြီးမှ အုတ်လုငယ်အား ရေချိုး၊ နံ့သာလိမ်း၊ အဝတ်အစားကောင်းများဆင်ကာ စားကောင်းသောက်ဖွယ်တို့ဖြင့် ပြုစုစေသည်။ ပြီးမှ အကျိုးအကြောင်း အစုံအလင်ကို လျှောက်တင်နိုင်းလေသည်။

အုတ်လုငယ်ကား သူ၏အမှုတာဝန်ကို ဦးဆွေးဆံမြွေထမ်းရွက်၍ ရာဇဝင်တွင် စာတင်ခြင်းခံခဲ့ရလေသည်။ ■





BURMESE CLASSIC .com

ရဲရင့်၍ သစ္စာရှိသော

## သူခိုးတေက်ပြား

မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်၌နန်းတက်သော အင်းဝဘုရင် သတိုးမင်းဖျားလက်ထက် ဖြစ်သည်။ စစ်ကိုင်းမြို့ ရေဝန်းအရပ်၌ အလွန်တရာ ကျော်စောသော သူခိုးကြီးတေက်ပြားဟူ၍ ရှိလေသည်။ ထိုသူခိုးကြီးမှာ အစွမ်းထက်လှသလို ဆင်းရဲသားအိမ်များကိုရှောင်ကွင်း၍ သူဌေး၊ သူကြွယ်၊ မှူးမတ်တို့အိမ်များမှ ပစ္စည်းများကို သင့်တင့်ရုံသာခိုးယူ၍ စားသောက်နေထိုင်လေသည်။ မှူးမတ်တို့ စောင့်ဖမ်းသော်လည်း မမိနိုင်ကြချေ။ ညစဉ် စစ်ကိုင်းဘက်မှနေ၍ လှေဖြင့်ကူးကာ အင်းဝမြို့ မီးသွေးတိုက်တံခါးမှဝင်လေ့ရှိရာ တစ်နေ့တွင် တေက်ပြားက 'ငါ့ကို သတိုးမင်းဖျားမှလွဲ၍ မည်သူရအံ့နည်း'ဟု ကြုံးဝါးလေသည်။

ထိုစကားကိုကြားသော သတိုးမင်းဖျားသည် တစ်ညသောအခါ သူခိုး



www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်ကာ နန်းတော်မှထွက်၍ ရောဝတီမြစ်ဆိပ်တွင် တေက်ပြားလာချိန်ကို စောင့်နေလေသည်။ တေက်ပြားလည်း လာနေကျအတိုင်း လှေဖြင့်ကူးလာရာ မီးသွေးတိုက်ဆိပ်နားတွင် လူရိပ်ကိုတွေ့လျှင် 'ဟေ့၊ ကုန်းပေါ်က ဘယ်သူလဲ' ဟု မေးလေ၏။ သတိုးမင်းဖျားကလည်း ကုန်းပေါ်မှနေ၍ 'ငါ ညဥ့်လူဟေ့'ဟု ပြန်ဖြေလေသည်။ တေက်ပြား ကုန်းပေါ်သို့ရောက်လျှင် သတိုးမင်းဖျားက 'ဆရာကြီးနှင့် အတူလိုက်ပါ၍ ပညာယူလိုပါသဖြင့် စောင့်နေပါသည်' ပြောလျှင် တေက်ပြားလည်း အလွန်သဘောကျကာ နှစ်ယောက်သား မြို့တွင်းသို့ ဝင်သွားလေသည်။ မှူးမတ်တို့အိမ်များမှ လက်ဝတ်ရတနာတို့ကိုခိုးယူ၍ မြို့ပြင်သို့ ပြန်ထွက်လာကြလေသည်။

မြို့ပြင်သို့ရောက်လျှင် တေက်ပြားက အရက်သောက်ချင်သည်ဆို၍ သတိုးမင်းဖျားက မူးအောင်တိုက်ပြီးမှ ခြေကျင်းခတ်ကာ မီးသွေးတိုက်တွင် သော့ပိတ်၍ ထားခဲ့လေသည်။ နံနက်ရောက်လျှင် မြို့ထဲ၌ကား မှူးမတ်တို့မှာ ပစ္စည်းပျောက်သည်ဆိုကာ ဆူညံ၍နေတော့၏။ သတိုးမင်းဖျားကား မှူးမတ်တို့ အိမ်မှ လက်ဝတ်ရတနာများကို ဝတ်ဆင်ကာ ညီလာခံသို့ဝင်လာလေသည်။ မှူးမတ်တို့ကား မိမိတို့ပစ္စည်းများဟု သိကြသော်လည်း ဘုရင်ဖြစ်နေ၍ ဆိတ်ဆိတ်သာ နေကြကုန်၏။

ထိုအခါ ဘုရင်က 'နင်တို့ မည်သူမှ သူခိုးတေက်ပြားကို ရအောင် မဖမ်းနိုင်ကြ။ ညဥ့်က ငါဖမ်းခဲ့ပြီ။ မီးသွေးတိုက်ထဲမှ သွားယူချေလော့'ဟု မိန့်မှ တေက်ပြားကို ရှေ့တော်သို့သွင်းလာကြလေသည်။ ရှေ့တော်သို့ တေက်ပြား ရောက်လျှင် မင်းကြီးက 'နင့်ကို ငါကိုယ်တိုင်ဖမ်းမိပြီ။ ရဲတင်း၊ ပုဆိန်၊ ဓား လှံ၊ တံကျင် ဘာကို အလိုရှိပါသနည်း။ ကြိုက်ရာကို ရွေးလော့'ဟု မေးတော်မူ၏။ တေက်ပြားကလည်း 'အရှင်မင်းကြီး၊ ကျွန်ုပ်ကိုမိပြီဖြစ်၍ အလိုရှိသလိုသာ နှိပ်ကွပ်တော်မူပါဘုရား။ ကျွန်ုပ်အလိုကို လျှောက်ရမည် ဆိုလျှင်ကား အရှင်မင်းကြီး၏မိဖုရား စောဥမ္မာကို အလိုရှိပါ၏'ဟု ရဲဝံ့ တည်ကြည်စွာ လျှောက်လေ၏။

မင်းကြီးလည်း အံ့သြရင်းက အမျက်တော်မရှိဘဲ 'ငါကဲ့သို့သောမင်းကို ပင် ဤသို့သောစကား ဆိုဝံ့သည်။ ရဲရင့်လှပေတကား။ ဤလိုလူမျိုးကို




BURMESE CLASSIC .com

အကျိုးမဲ့မဖြစ်စကောင်း။ နောင်အခွင့်အခါရှိလျှင် အမှုတော်ထမ်းစေရမည်' ဆိုကာ ရွှေတိုက်စိုးအရာ ချီးမြှင့်လေသည်။ တေက်ပြားကား ရဲရင့်၍ သူခိုးမှ ရွှေတိုက်စိုးဖြစ်လာသော်လည်း အရှင့်အမှုကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့လေ သည်။ ယခုတိုင် စစ်ကိုင်းတွင် သူခိုးတေက်ပြားဘဝက တည်ခဲ့သည့် **'မရှိခထာ ဘုရား'**ဟူသော စေတီတစ်ဆူရှိလေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတရားကို စောင့်သိသော

# ခင်ညို

ငါးစီးရှင်ကျော်စွာ မင်းမဖြစ်ခင် ပင်လယ်မြို့ကို စားရသောအချိန်က ဖြစ်သည်။ ထိုအချိန်က ညီတော် အသင်္ခယာစောယွမ်းမှာ စစ်ကိုင်းမင်း ဖြစ်သည်။ တစ်နေ့တွင် ငါးစီးရှင်ကျော်စွာက ကျွန်ယုံခင်ညိုကိုခေါ်၍ 'ညီတော် စစ်ကိုင်းမင်း အသင်္ခယာစောယွမ်းကို လုပ်ကြံချေ'ဟု စေတော်မူလေသည်။

ခင်ညိုလည်း စစ်ကိုင်းဖက်သို့ကူးကာ အရိပ်အခြည်ကြည့်သောအခါ ကြံစည်ရန်အခွင့်မသာသဖြင့် တောတွင်း၌ သုံးရက်တိတိ ပုန်းခိုနေရ၏။ နောက်နေ့မှလုပ်ကြံရန် နန်းတော်သို့ ညဘက်တွင် တိတ်တဆိတ် တက်လေသည်။ စစ်ကိုင်းမင်း၏အိပ်ခန်း၌ကား မင်းမဟာဂီရိနတ်မင်းအား ရွှေစလောင်းနှင့် ထမင်း၊ အမဲသားအပြည့်ထည့်၍ နတ်တင်ထားသည်ကို တွေ့ရလေသည်။ တောတွင်း၌ သုံးရက်တိုင်တိုင် ထမင်းမစားခဲ့ရသော ခင်ညိုသည် နတ်တင်ထားသော



ထမင်းကိုစားလေ၏။ ထမင်းစား၍ဝလျှင် အတွင်းဆောင်သို့ဝင်၍ အိပ်ပျော်လျက်ရှိသော အသင်္ခယာစောယွမ်း၏ ခေါင်းရင်း၌ရပ်ကာ ဓားကိုကိုင်မိလျှင် ဤသို့အကြံဖြစ်လေ၏။

'ဤမင်းသည် ယနေ့တွင် ငါ၏ထမင်းရှင် ဖြစ်ခဲ့ချေပြီ။ ထမင်းသခင်ကို ပြစ်မှားလျှင် လွန်စွာအပြစ်ကြီးပေလိမ့်မည်။ လုပ်ကြံသာလျက် မလုပ်ကြံဘဲ ပြန်ကလည်း ငါ့အရှင်က ငါ့ကိုသတ်လိမ့်မည်။ ငါ့ရှင်သတ်က တစ်သက်သာ သေရမည်။ ထမင်းသခင်ကိုပြစ်မှားချေသော် သံသရာဝယ် အပယ်လေးပါး၌ ရှည်လျားစွာခံစားရပေအံ့။ အပယ်လေးပါးမှလွတ်၍ လူအဖြစ်ရလျှင်လည်း ယုတ်မာသောကိုယ်အဖြစ်ဖြင့် ရှိပေလိမ့်မည်'

ထိုသို့စဉ်းစားရင်း ဓားကိုထုတ်ချည်၊ သွင်းချီပြုနေရာမှ 'ငါ့ရှင်က စစ်ကိုင်းမင်းထံမရောက်ဘဲ ရောက်သည်'ဟု အမိန့်တော်ရှိလျှင် ရောက်ကြောင်းပြရန်အတွက် အသင်္ခယာစောယွမ်း၏ ပတ္တမြားကျောက်စီဓားကိုယူ၍ ပြန်ခဲ့လေသည်။

ပင်လယ်မြို့သို့ရောက်လျှင် ငါးစီးရှင်ကျော်စွာလည်း 'အစီအမံ ပြီးခဲ့ပြီလော'ဟုမေးတော်မူ၏။ ခင်ညိုလည်း မိမိစိတ်နှလုံးထဲတွင်ရှိသည့်အတိုင်း ပြည့်စုံစွာလျှောက်ထားကာ ပတ္တမြားကျောက်စီဓားကို ဆက်သလေသည်။

ငါးစီးရှင်လည်း အမျက်ထွက်တော်မမူဘဲ 'ငါ့ကျွန်သည် ထမင်း တစ်စလောင်းကိုမျှ စားဖူးရုံဖြင့် သူ့ကျေးဇူးကိုသိကာ ဤသို့လျှောက်၏။ နေ့တိုင်းမပြတ် သားမယားနှင့်တကွ ကျွေးမွေးသော ကျေးဇူးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့တော့နည်း'ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် များစွာသောစည်းစိမ်နှင့်တကွ ဆုလာဘ်များကို ပေးတော်မူလေသည်။ ■



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

တရားမျှတစွာ အုပ်ချုပ်သည့်

## မွန်မင်းဗညားပရော်

မွန်တို့ဌာနီ ဟံသာဝတီတွင် ရာဇဓိရာဇ်၏မြေးတော် ဗညားပရော်သည် 'သုနက္ခရာဇာ'မည်သောဘွဲ့ဖြင့် နန်းတက်လေသည်။ နန်းပွဲသဘင်တွင် မင်းကြီးက ရဟန်း၊ ပုဏ္ဏား၊ မှူးမတ်တို့ကို ရှေ့တော်သို့ခေါ်စေပြီး 'တိုင်းပြည်ချမ်းသာ၍ သာသနာတော်စည်ကားအောင် ငါ တရားနှင့်အညီ အုပ်ချုပ်မည်။ အားလုံးကလည်း တရားစောင့်ကြပါကုန်'ဟုဆိုကာ နန်းတော်ရှေ့တွင် ခေါင်းလောင်းတစ်လုံးကိုဆွဲထားပြီး စဉ်းတီတုံးကြီးတစ်ခုနှင့် ဓားမသုံးချောင်းကိုလည်း ထားစေ၏။

တစ်ခါသော် ကောက်ညှင်းသည်တစ်ယောက် ကောက်ညှင်းရောင်းရာတွင် ကိုယ်ရံတော်သားတစ်ယောက်က ဝယ်မည်ဆိုကာ တောင်းကိုချသည်တွင် ကျန်လူများက ဝိုင်းလုကြသဖြင့် ငွေကြေးတစ်ပြားတစ်ချပ်မှမရဘဲ တောင်းသာ



ကျန်ခဲ့လေသည်။ ထိုအခါ ကောက်ညှင်းသည်လည်း ငိုလျက် နန်းတော်ရှေ့မှ ခေါင်းလောင်းကို တီးလေ၏။ ဘုရင်လည်း ကိုယ်တော်တိုင်ထွက်ကာ အမှုကို စစ်ဆေးပြီး တောင်းကိုချစေသော ကိုယ်ရံတော်သားကို စဉ်းတီတုံးတွင်တင်၍ လည်ကိုဖြတ်ရန် မိန့်တော်မူလေသည်။

ထိုစဉ်ခိုက်တွင် ကြောင်တစ်ကောင်က အပါးတော်တွင်ဝပ်နေရာမှ အနီးရှိ ကြွက်ကို ခုတ်၍ကိုက်သတ်ရာ သေလေသည်ကို တွေ့မြင်လျှင် 'ငါ့လက်ထက်တော်၌ အနိုင့်အထက်ပြုသူမှန်သမျှ စီရင်ရမည်'ဟုဆိုကာ ကြောင်ကိုဖမ်း၍ စဉ်းတီတုံးတွင်တင်ကာ စီရင်လေသည်။ ဤသည်တို့ကိုမြင်သော မင်းညီမင်းသား၊ မှူးမတ်၊ ပြည်သူပြည်သားတို့မှာ လွန်စွာကြောက်ရွံ့ ခန့်ညားကြလေတော့သည်။ အမှုအခင်းတို့လည်း အလျဉ်းမရှိ၊ ဈေးများတွင်လည်း ချိန်ခွင်ဆွဲကာ မှန်မှန်ကန်ကန်၊ မျှမျှတတ ရောင်းဝယ်ကြလေသည်။

တစ်ခါတွင်မူ မင်းကြီးသည် တိုင်းပြည်အခြေအနေကို ကိုယ်တိုင်သိရှိလို၍ ရုပ်ဖျက်ပြီးလျှင် နောက်ပါတစ်ယောက်နှင့် မြင်းစီးကာ စနည်းနာထွက်ခဲ့လေသည်။ လမ်းတွင် အဖိုးအိုတစ်ယောက်၏ကျောကို မထင်မှတ်ဘဲ မြင်းနှင့် တိုက်မိလေသည်။ ထိုအခါ အဖိုးအိုက 'ငါတို့အရှင်လက်ထက်တွင် အနိုင့်အထက်မပြုရဟု အမိန့်ထုတ်ထားသည်။ ယခု ငါကဲ့သို့သော လူအိုတစ်ယောက်ကို မြင်းနှင့်တိုက်သည်။ ခေါင်းလောင်းထိုးကာ တိုင်ကြားမည်'ဟုဆိုကာ မြင်းဇက်ကြိုးကို ဆွဲထားလေသည်။ ဘုရင်က တောင်းပန်သော်လည်း မလွှတ်သောကြောင့် ဘုရင်ဖြစ်ကြောင်းဖွင့်ပြောလျှင် ပို၍ပင်ဆွဲငင်၍ 'မင်းကေရာဇ်တို့မည်သည်မှာ ချစ်ခင်သူနည်း၍ ရန်သူများသဖြင့် ဤကဲ့သို့ တစ်ယောက်တည်း မထွက်သင့်၊ နောင် ဤကဲ့သို့မထွက်ပါဟု ကတိပြုမှ လွှတ်မည်'ဟု ဆိုလေသည်။ ထိုအခါ မင်းကြီးလည်း ကတိကို လေးလေးနက်နက်ပေး၍ နောင်အခါ ဤကဲ့သို့ တစ်ယောက်တည်း မထွက်တော့ချေ။ ■



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေသော

## တံခါးမှူး

မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် အင်းဝတွင် သာလွန်မင်းတရားကြီး နန်းစံစဉ်ကာလက ဖြစ်သည်။ ထိုအချိန်က မွန်ပညာရှိ ဗညားကျန်းတောသည် မင်းကြီးထံတွင် ဝန်ကြီးအဖြစ် အမှုထမ်းရသည်။

တစ်နေ့သော် ဝန်ကြီးဗညားကျန်းတောသည် စစ်ကိုင်းဘက်၌ အမှုကိစ္စဆောင်ရွက်ရင်း ညဥ့်နက်အောင်နေပြီးမှ အင်းဝဘက်သို့ ပြန်လာခဲ့လေသည်။ အင်းဝသို့ရောက်လျှင် နန်းမြို့တွင်းသို့ဝင်ရန်အတွက် လူတစ်ယောက်ကို စေလွှတ်ကာ မာရ်အောင်တံခါးမှူးအား မြို့တံခါးဖွင့်ပေးရန် အပြင်မှပြောခိုင်းလေသည်။

ထိုအခါ မာရ်အောင်တံခါးမှူးက ရဲဝံ့စွာဖြင့် ဤသို့ဆိုလေ၏။ 'သန်းခေါင်ကျော်မှဝင်လာသည့် သန်းခေါင်ဝန်ကြီးကို ငါမတွေ့ဖူးချေ။ အချိန်မဲ့ဝင်လိုလျှင်



မြို့ဝန်ထံမှ ဝင်ခွင့်စာကို ပြပါ'

ဝန်ကြီးလည်း တံခါးနားသို့ ကိုယ်တိုင်လာကာ 'ငါ ဝန်ကြီးကိုယ်တိုင်ရောက်နေသည်ကို နင် အဘယ့်ကြောင့် တံခါးမဖွင့်ဘဲနေသနည်း'ဟု ကြိမ်းမောင်း၏။

တံခါးမှူးကလည်း 'သွားစဉ်က ငါ ဘယ်အချိန်ပြန်ရောက်မည်ဟု မှာကြားထားခြင်းလည်း မရှိ။ စောစောက တင်ကြို၍ လူလွှတ်၍လည်း အကြောင်းမကြား။ ဝန်ကြီးအင်္ဂါနှင့် မညီ။ ဝန်ကြီးမဟုတ်တန်ရာ။ အကယ်၍ တံခါးကိုစည်းမဲ့ကမ်းမဲ့ဖွင့်ပေးလိုက်ပါက သူပုန်သူကန်တို့ ဝန်ကြီးအယောင်ဆောင်ကာဝင်သည်ရှိသော် မခက်ပါလား။ မဖွင့်နိုင်'ဟု ပြတ်ပြတ်သားသား ငြင်းဆိုလေသည်။

ဝန်ကြီးဗညားကျန်းတောလည်း မတတ်သာသည့်အဆုံး လက်လျှော့ကာအောင်ထွန်းတံခါးဘက်သို့ လူတစ်ယောက်ကို စေလွှတ်ပြီး ယခင်နည်းအတိုင်းတံခါးဖွင့်ခိုင်းလေသည်။ အောင်ထွန်းတံခါးမှူးကား ဝန်ကြီးလာသည်ဆိုသည်နှင့် မည်သို့မျှ စစ်ဆေးမေးမြန်းမှုမပြုဘဲ တံခါးကို လျင်မြန်စွာဖွင့်လေသည်။

နံနက်မိုးသောက် အလင်းရောက်သော် ဝန်ကြီးဗညားကျန်းတောသည် တံခါးမှူးနှစ်ယောက်စလုံးကို ခေါ်တွေ့လေသည်။ မာရ်အောင်တံခါးမှူးအား မိမိတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပေသည်ဆိုကာ ချီးမွမ်းပြီး ဆုလာဘ်များစွာ ပေးအပ်လေသည်။ အောင်ထွန်းတံခါးမှူးကိုကား တာဝန်မကျေ၊ အမှုထမ်းပေါ့လျော့သည်ဟုဆိုကာ ကြိမ်းမောင်းပြစ်တင်၍ ပြစ်ဒဏ်ပေးခဲ့လေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်တည်ကြည်သော နှလုံးရည်ပိုင်ရှင်

## အနန္တသူရိယ

မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံပြည်၌ နရပတိစည်သူသည် နောင်တော် မင်းယဉ်နရသိင်္ခကို လုပ်ကြံ၍ နန်းတက်လေသည်။ ထိုအခါ နောင်တော်၏ အထိန်းတော်သားဖြစ်သူ အနန္တသူရိယအမတ်ကိုလည်း ဖမ်းဆီးကာ 'သတ်စေ'ဟု အမိန့်ချမှတ်လေသည်။

အနန္တသူရိယအမတ်ကား သေရအံ့ဆဲဆဲဖြစ်သော်လည်း ရဲရင့်တည်ကြည်သော နှလုံးရည်ရှိသူပီပီ ထိုအချိန်၌ပင် မင်းကြီးအားဆက်သရန် လင်္ကာလေးပိုဒ်ကို ရေးသားခဲ့လေသည်။ ရေးပြီးလျှင် 'မင်းကြီးအားဆက်ပါ'ဟု သူသတ်တို့အား ပေးခဲ့လေသည်။ သူသတ်တို့လည်း အနန္တသူရိယအား ကွပ်မျက်ပြီးမှ မင်းကြီးထံသို့ လင်္ကာကိုဆက်သလေသည်။ အနန္တသူရိယအမတ် သေရအံ့ဆဲဆဲတွင် စိတ်နှလုံးခိုင်ကျည်စွာဖြင့် ရေးခဲ့သည်တို့ကား ...



၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ၊ ပျက်လင့်ခါသာ ဓမ္မတာတည်း။
၂။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေမျက်နှာထက်
ခဏတက်သည့်၊ ရေပွက်ပမာ တစ်သက်လျာတည်း။
၃။ ကြင်နာသနား၊ ငါ့အားမသတ်
ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ
လူတကာတို့၊ ခန္ဓာခိုင်ကျည်
အတည်မမြဲ၊ ဖောက်လွဲတတ်သည်
မချွတ်စသာ၊ သတ္တဝါတည်း။
၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်
ဖန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်
သံသာစက်၌၊ ကြိုက်လတ်တုံမူ
တုံ့မယူလို၊ ကြည်ညိုစိတ်သန်
သခင်မွန်ကို၊ ချန်ဘိစင်စစ်
အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏
သွေးသည်အနိစ္စာ ငါ့ခန္ဓာတည်း။

လင်္ကာလေးပိုဒ်ကိုဖတ်ပြီးသောအခါ မင်းကြီးသည် သတိကြီးစွာရ၍ 'လွှတ်စေ'ဟု မိန့်တော်မူလေသည်။ သူသတ်တို့လည်း 'လက်လွန်ပြီ'ဟူ၍ လျှောက်ကြလေသည်။ ထိုအခါ မင်းကြီးက 'နင်တို့မသတ်ခင်က ဤစာကို ဆက်ကောင်းလျက် လွန်ပြီးမှဆက်သည်'ဟုဆိုကာ သူသတ်တို့အား မျက်ပြန်ချေသည်။ အနန္တသူရိယ၏လင်္ကာတို့ကို ဖတ်ရသည့်နေ့မှစ၍ မင်းကြီးသည် တအောက်မေ့မေ့နှင့် နောင်တကြီးစွာ ဖြစ်တော်မူလေသည်။ ထိုအခါမှစ၍ အမျက်ကိုချုပ်ထိန်းပြီး သတိကြီးစွာထားလေသည်။ 'နောင်အခါ ငါအမျက်



www.burmeseclassic.com


www.burmeseclassic.com

တော်ရှိ၍ သတ်စေဟုအမိန့်ရှိလျှင်လည်း တစ်လ၊ လေးသီတင်းထား၍ စစ်ကြောပြီးမှ သေတန်သေစေ၊ မသေတန်သူကို လွှတ်လေ' ဟုမိန့်လေသည်။

အနန္တသူရိယကား သေအံ့ဆဲဆဲတွင် စီကုံးသော သူ၏ လင်္ကာတွင်ပင် သဘောထားကြီးခြင်း၊ တရားပြည့်ခြင်းနှင့် ရဲရင့်ခြင်းတို့ကို ပြနေလေသည်။ ■

နှလုံးရည်ထက်မြက်လှသည့် စာဆိုပါတကား။





အမှုတော်ကို အသက်ပေး၍ ထမ်းရွက်သူ

## ရေနံ့သာစား

ကဝိလက္ခဏာသတ်ပုံတွင်ပါဝင်သည့် သံပေါက်တစ်ခုမှာ 'ရွှေနန်းကြော့ထံ၊ အသေခံ၊ ရေနံ့သာစားပွဲ'ဟူ၍ ဖြစ်လေသည်။ ထိုသံပေါက်မှ 'ရေနံ့သာစားပွဲ'ဟူသည်မှာ ဘုရင်၏ 'ပွဲကြီးပွဲကောင်းရသူ' ရေနံ့သာစား ငရွှေကျိုင်းပင် ဖြစ်ပါသည်။ ရေနံ့သာစားမှာ သခင်၏အမှုတော်ကို ထမ်းရွက်ရာတွင် အသက်ကိုပင် ပဓာနမထားဘဲ အမှုကိစ္စအောင်မြင်ရေးကိုသာရှေးရှုသည့် သူရဲကောင်းတစ်ဦး ဖြစ်ပါသည်။ ရှုပါလေ။

သက္ကရာဇ် ၈၆၃ ခုနှစ်တွင် ဘုရင်မင်းခေါင်၏ သားတော်အငယ် မင်းခွေသည် 'ရွှေနန်းကြော့ရှင် နရပတိ'ဘွဲ့မည်ခံကာ အင်းဝတွင် နန်းတက်လေသည်။ နရပတိကို အငြိုးထားသော နောင်တော်၏သားတော် ရွှေနော်ရထာသည် လူယုံငသောကြာကို တိုးတိုးတိတ်တိတ်အမှာထားကာ အခွင့်သာလျှင် လုပ်ကြံရန်

www.burmeseclassic.com

စေခိုင်းထားလေသည်။

နရပတိနန်းတက်ပြီး ရှစ်လမျှအကြာ၊ တစ်နေ့တွင်ကား မင်းကြီး အမှုမဲ့ အမှတ်မဲ့နေခိုက် သောကြာသည် ထ၍ ဓားဖြင့်ခုတ်လေသည်။ ကံအားလျော်စွာ ဓားချက်က မင်းကြီးကိုမခုတ်မိဘဲ ထီးဖြူအရိုးကိုခုတ်မိကာ ထီးဖြူနှင့်အုပ်ထားသကဲ့သို့ ဖြစ်နေလေသည်။ ထိုအခါတွင် နရပတိ၏အထိန်းတော်သား ရေနံ့သာစား ရွှေကျိုင်းသည် ပြေးလာကာ သောကြာကိုဖက်၍လုံးလေသည်။ သောကြာလည်း ဓားနှင့်တကွရုန်းထွက်ရာ နှစ်ယောက်စလုံး ပက်လက်လဲကျလေသည်။ နရပတိလည်း သောကြာကို သတ်မည်ပြုသော်လည်း ထွေးလုံးရစ်ပတ်ဖြစ်နေ၍ မခုတ်သာဖြစ်နေစဉ် ရွှေကျိုင်းက 'ငဲ့တော်မမူပါနှင့်ဘုရား။ သောကြာလွတ်လျှင် အရေးပုံပျက်ချေတော့မည်။ ကျွန်တော်နှင့်တကွ နှစ်ယောက်စလုံးကို ခုတ်တော်မူပါလော့'ဟုလုံးထွေးရာမှ မိမိအသက်ကိုပင် ပဓာနမထားဘဲ အော်လေသည်။ နရပတိလည်း မိမိကျွန်လွတ်အောင် သောကြာကိုသာရွေး၍ လက်သုံးတော်ဓားနှင့် ခုတ်မျက်လေသည်။

ဤတွင် ရွှေနန်းကြော့ရှင်နရပတိက အရှင်သခင်ကို မိမိအသက်ထက် အလေးဂရုပြု၍ အမှုတော်ထမ်းရွက်သော သူရဲကောင်းရွှေကျိုင်းအား 'ပွဲကြီးပွဲကောင်းရသူ'အဖြစ် အထူးသူကောင်းပြုလေသည်။ ■





## နောင်ရိုးတိုက်ပွဲနှင့်
# ဘုရင့်နောင်ကျော်ထင်နော်ရထာ

ဟံသာဝတီ၏လက်ရုံးများဖြစ်ကြသည့် ဗညားလောနှင့် ဗညားကျန်းတို့ မရှိပြီဆိုသည်နှင့် တပင်ရွှေထီးသည် တောင်ငူမှ ဟံသာဝတီသို့ ချီတော့၏။ မင်းတရားရွှေထီး၏ အင်အားကို မခံနိုင်သော 'သုရှင်တကာရွတ်ပိ'သည် ဟံသာဝတီမှနေ၍ ယောက်ဖတော်နရပတိရှိရာ ပြည်မြို့သို့ ဆန်လေတော့သည်။ တပင်ရွှေထီးလည်း ဟံသာဝတီကိုသိမ်းယူပြီးသော် ပြည်မြို့သို့ ဆက်၍ချီလေသည်။

နောင်ရိုးသို့ရောက်သော် သုရှင်တကာရွတ်ပိမှာ တစ်ဖက်ကမ်းသို့ ရောက်နေပြီ ဖြစ်သည်။ နောက်မှလိုက်လာသော ကျော်ထင်နော်ရထာက မိမိတို့၏ ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ဖောင်ဖြင့်ကူးကာ နောင်ရိုးချောင်းကိုဖြတ်ကြ၏။ တစ်ဖက်သို့ရောက်သော် ကျော်ထင်နော်ရထာသည် ဖောင်အားလုံးကို ဖျက်



www.burmeseclassic.com

www.burmeseclassic.com

ပစ်လေသည်။ ထိုအခါ တပ်မှူး၊ စစ်ကဲတို့က 'ကျွန်တော်တို့မှာ ဆင်၊ မြင်း၊ ဗိုလ်ပါ အင်အားနည်းလှသည်။ ရန်သူတို့က ကျွန်တော်တို့ထက် အင်အား ဆယ်ဆခန့် များသည်။ နိုင်သော် ကောင်း၏။ မအောင်၍ဆုတ်ရသော် ပြန်ကူး စရာ ဖောင်မရှိ၍ မခက်ပေလော'ဟု လျှောက်ကြ၏။

ကျော်ထင်နော်ရထာက 'သွေးသောက်တို့၊ မစိုးရိမ်လင့်။ ဘုန်းတော် ကြောင့် အောင်လိမ့်မည်။ ပြန်ကူးစရာဖောင်မရှိမှ သင်တို့ စိတ်နှစ်ခွမဖြစ်ဘဲ အသက်ကိုစွန့်၍ တိုက်ကြမည်မဟုတ်လော'ဟု ဆိုလေသည်။ ထိုစဉ်ပင် မင်းတရားရွှေထီးထံမှ အထောက်တော်များ မြင်းဆယ်စီးနှင့်ရောက်လာ၏။ 'ရန်သူကိုတွေ့လျှင် မတိုက်နှင့်ဦး၊ ငါလာမှတိုက်'ဟု မိန့်လိုက်ရာ ကျော်ထင် နော်ရထာက 'ဘုန်းတော်ကြောင့် အောင်မြင်လေပြီ'ဟု ပြန်လျှောက်လိုက် လေသည်။

ထိုအခါ မိုင်းရဲအမတ်က 'ကျွန်ုပ်တို့ ရန်သူကိုအောင်ဖို့ဝေးစွ။ တွေ့ပင် မတွေ့ရသေးပါလျက် ယခုအောင်မြင်ပြီဟုလျှောက်ရာ အကယ်၍ အရပ်အနေ မသင့်၍ မအောင်ခဲ့သော် အပြစ်တော်မရှိပါလော'ဟု လျှောက်တင်သောအခါ ကျော်ထင်နော်ရထာက 'သည်စစ်ပွဲတွင် ငါတို့နိုင်လျှင် အသက်ရှင်မည်။ မနိုင် လျှင် သေရမည်။ သေပြီးသူကို အဘယ်သူက အပြစ်တင်နိုင်ဦးမည်နည်း' ဟု ရဲမက်တို့အား စိတ်နှစ်ခွမဖြစ်အောင် မိန့်လေ၏။ အကယ်တိုက်သည့်အခါ တွင်လည်း အောင်နိုင်သည်သာ ဖြစ်၏။

ကျော်ထင်နော်ရထာ၏ ရဲရင့်ပြတ်သားသော စိတ်ဓာတ်ကြောင့် နောင်ရိုး တိုက်ပွဲမှာ နောင်တွင် ပြောစမှတ်အဖြစ် ကျန်ရစ်ခဲ့သည်။ တစ်ချောင်းတည်း သော စိတ်ဓာတ်ဖြင့် လုပ်စရာတို့ကို အဆုံးတိုင်လုပ်သည့် စိတ်ဓာတ်မျိုးကို လည်း နှောင်းလူတို့က 'နောင်ရိုးစိတ်ဓာတ်'ဟု တင်စားပြောဆိုလေ့ရှိ၏။ ဟံသာဝတီကိုအောင်ပြီးသော် 'ဘုရင့်နောင်ကျော်ထင်နော်ရထာ'ဟူသောဘွဲ့ကို ရရှိလေသည်။ တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဘုရင့်နောင်ကျော်ထင်နော်ရထာ သည် ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးအဖြစ် နန်းတက်တော်မူလေသည်။ ■





ဒုတိယမြန်မာနိုင်ငံတော်ကို ပြန်လည်တည်ထောင်ခဲ့သည့်

## ဘုရင့်နောင်ကျော်ထင်နော်ရထာ ခေါ် ဆင်ဖြူများရှင်မင်းကြီး

ဘုရင့်နောင်ကို မင်းကြီးဆွေနှင့် တူရွှင်းတိုင်သူ ရှင်မျိုးမြတ်တို့မှ မြန်မာ သက္ကရာဇ် ၈၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ 'ရှင်ရဲထွတ်'ဖြစ်ပြီး ဖွားမြင်စဉ်တွင် လေှကားအောက်၌ ပျားစွဲခြင်း၊ လျှောင် ခုနစ်ကြိမ်လှုပ်ခြင်း၊ နှင်းဝေ၍ တစ်မိုးလုံးမှောင်နေခြင်း စသည့်နိမိတ်တို့ ဖြစ်သည်ဟု ဆို၏။

အရွယ်ရောက်သောအခါ တပင်ရွှေထီး၏ နန်းတော်မြောက်တွင် အိမ် တော်နှင့် နေရ၏။ တပင်ရွှေထီးနန်းတက်လျှင် ရှင်ရဲထွတ်ကို 'ကျော်ထင် နော်ရထာ'အမည်နှင့် မြို့စားကျေးစားပေး၍ အစ်မတော်သခင်ကြီးနှင့် စုံဖက် လေသည်။ တပင်ရွှေထီးကား တစ်ကြိမ်တွင် ကုလားဗရင်ဂျီတစ်ယောက်နှင့် ပေါင်းဖော်ကာ သေရည်နှင့်ပျော်မြူးနေပြီး တိုင်းရေးပြည်မှုအစုစုကို ဘုရင့်နောင်



www.burmeseclassic.com

www.burmeseclassic.com

သို့လွဲကာ ကြည့်ရှုစီမံဆောင်ရွက်စေ၏။

တစ်ခါသော် မှူးမတ်တို့ စုရုံးတိုင်ပင်၍ ဘုရင့်နောင်အား ဤသို့လျှောက်ကြ၏။ 'ယခုကား ပြည်ရွာငြိမ်ဝပ်မည့်အရေး မရှိပြီ။ သို့ဖြစ်၍ ညီတော်ကို လုံခြုံအောင်ထားပြီး အရှင်သာ နန်းတက်ပါတော့။ ကျွန်တော်များ အမှုတော်ကို ထမ်းရွက်ပါမည်။' ထိုအခါ ဘုရင့်နောင်က 'အစ်ကိုတို့၊ ငါတို့တွင် ဘဝရှင်မင်းတရား၏ကျေးဇူးတို့ များစွာရှိသည်။ သည်စကားကို ငါသာကြားစေ၊ အခြားသူ မကြားပါစေနှင့်။ တရားတော်တွင်လည်း မတော်မမှန် ကျင့်သောသူ အနှစ်တစ်ရာနေရသည်က တော်မှန်ဖြောင့်မတ်သူ တစ်နေ့နေရသည်လောက်ပင် မတန်ဟူ၍ ရှိသည်။ ငါလည်း မင်းတရားအား အကျိုးအကြောင်းပြ၍ လျှောက်ထားပါဦးမည်။ မသင့်သောအကြံကိုကား မကြံအပ်။ အစ်ကိုတို့ မစိုးရိမ်လင့်။ စားမြဲသောစည်းစိမ်နှင့် ငြိမ်သက်စွာပင် နေပါ။ ငါ ရှိပါသည်'ဟု မိန့်တော်မူလေရာ မှူးမတ်တို့လည်း ထပ်မလျှောက်ဝံ့တော့ချေ။

တပင်ရွှေထီးနတ်ရွာစံသော် ဘုရင့်နောင် ကျော်ထင်နော်ရထာသည် ဆင်ဖြူများရှင်အမည်နှင့် နန်းတက်လေသည်။ ကစဥ့်ကလျားဖြစ်နေသော မြန်မာပြည်ကြီးကို ဘုန်းလက်ရုံးအောက်တွင် တစ်စုတစ်စည်းတည်းဖြစ်အောင် ဆောင်ရွက်နိုင်ရုံသာမက အနီးအနားရှိ ရှမ်းပြည်၊ ယွမ်းပြည်၊ ကသည်းပြည်၊ ယိုးဒယားပြည် စသည်တို့ကိုပါ စိုးမိုးအုပ်ချုပ်နိုင်ခဲ့လေသည်။

ထို့ပြင် သာသနာတော်ကြီးပွားကြောင်းများကိုလည်း စီမံဆောင်ရွက်ခဲ့၏။ ထိုအခါက ပုဂံ၊ စလေ၊ ပခန်းငယ်၊ တူရွင်းတိုင်၊ ကျောက်ပန်းတောင်း စသော အရပ်တို့တွင် ကျွဲ၊ နွား၊ ဝက်တို့ကိုသတ်၍ တစ်နှစ်တစ်ကြိမ် ယဇ်ပူဇော်သော အလေ့ ရှိ၏။ ဤသို့သော မှားယွင်းသည့် အလေ့အယူတို့ကိုလည်း နိုင်နင်းစွာ တားမြစ်တော်မူလေသည်။ ထိုအရပ်များ၌ ပိဋကတ်သုံးပုံထားခြင်း၊ ရဟန်းတော်များ စေလွှတ်၍ သီတင်းသုံးစေခြင်း စသော သာသနာတော်ပြန့်ပွားခြင်းအမှုတို့ကိုလည်း ဆောင်ရွက်တော်မူလေသည်။

ဆင်ဖြူများရှင်မင်းကြီးကား ရတနာသုံးပါး၌ယုံကြည်၍ ကုသိုလ်ကောင်းမှု၌လည်း မွေ့လျော်၏။ ပညာရှိ သူတော်ကောင်းများကိုလည်း နှစ်သက်မြတ်နိုးတော်မူ၏။ ပညာရှိတို့ လျှောက်သည့်စကားကိုလည်း အလေးအနက်ထား၍




နာကြားတတ်၏။ ကျေးဇူးတရားကို သိတတ်သဖြင့်လည်း မှူးကောင်း၊ မတ်ကောင်း၊ သူရဲသူခက်ကောင်းတို့ ပေါကြွယ်များပြား၏။ မင်းကြီးကား စိတ်နှလုံးသဘောထားကြီးမားရုံမျှမက သစ္စာတည်မြဲမတ်ခြင်း၊ ရာဇပရိယာယ်တို့၌ လိမ္မာခြင်းတို့နှင့်လည်း ပြည့်စုံလေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com



ကုန္ဒြေကြီး၏ လိုရင်းအလုပ်ကိုသာ ဂရုပြုသော

## ရမည်းသင်းစား သီလဝ

အင်းဝဘုရင် သတိုးမင်းဖျားလက်ထက်တွင် လွန်စွာမှ စကားနည်း၍ ကုန္ဒြေကြီးကာ မိမိလုပ်စရာရှိသည့်အလုပ်ကိုသာ ဂရုစိုက်တတ်သည့် ရမည်းသင်းစား သီလဝဟူ၍ ရှိ၏။ သီလဝကား သူတစ်ပါးကို ဂရုမစိုက်။ အေးစက်စက်နေတတ်သော်လည်း လက်ရုံးရည်နှင့်ပြည့်စုံရကား သတိုးမင်းဖျား နတ်ရွာလားလျှင် အမတ်တို့က မင်းပြုရန် တောင်းပန်ကြလေသည်။ ထိုအခါ ရမည်းသင်းစား သီလဝက ဤသို့စကားပြန်လေသည်။

'ငါကား တစ်နေ့လုံးမှ စကားသုံးလေးခွန်းမပြော။ မင်းအဖြစ်လည်း အလိုမရှိ။ အမြင့်စား တရဖျားစော်ကဲကား မင်း၏ယောက်ဖလည်း ဖြစ်သည်။ လက်ရုံးရည်၊ နှလုံးရည်နှင့်လည်း ပြည့်စုံသည်ဖြစ်ရာ စော်ကဲကိုသာ မင်းမြှောက်ကြလေ'



ထိုအခါ အမြင့်မင်းလည်း မရှုယ်ဘဲနှင့်မင်းဖြစ်ကာ 'မင်းကြီးစွာစော်ကဲ' ဟူ၍ နန်းတက်လေသည်။ မြန်မာသက္ကရာဇ် ၇၅၄ ခုနှစ်တွင်ကား မိုးညှင်းသိုဟန်ဘွားသည် မြေဒူးမြို့ကို ဆင်၊ မြင်းအလုံးအရင်းနှင့် ဝင်တိုက်လေသည်။ ခုခံသော်လည်း အားမတန်သဖြင့် စစ်ကိုင်းနှင့် အင်းဝသို့ဆုတ်ကာ ခုခံနေရ၏။ မင်းကြီးလည်း တောင်ငူစား၊ တောင်တွင်းစား၊ ပေါက်မြိုင်စား၊ ရမည်းသင်းစား၊ ဝတီးစား၊ ညောင်ရမ်းစား၊ ပင်လယ်စားတို့ကို စစ်ကူခေါ်ရတော့၏။ အများမရောက်မီ ရမည်းသင်းစား သီလဝကား ထီးပေါင်းကားကိုကူး၍ အပြင်းချီကာ စီးတော်ဆင် စောရဲစွာဖြင့် ဝင်တိုက်တော့၏။ ထိုအခါ ရှမ်းတပ် ၁၅ တပ်လုံး ပျက်တော့၏။

သီလဝလည်း ရှမ်းတို့ကိုအောင်မြင်ပြီးလျှင် စစ်ပွဲမှရသော ဆင်၊ မြင်း၊ လူသူလက်နက် စသည်တို့ကို လူလွှတ်ဆက်သစေပြီး မိမိမူကား ဘုရင့်ထံသို့ အခစားမဝင်တော့ဘဲ ရမည်းသင်းသို့ပြန်လေ၏။ မင်းကြီးသိလျှင် စိတ်မသက်မသာရှိသည်နှင့် ပညာရှိအမတ်ကြီး စည်းတပြစ်ကိုခေါ်၍ တိုင်ပင်ကာ 'သီလဝ ငါ့ကို မခန့်ငြားလေသလော'ဟု မေးတော်မူ၏။ စည်းတပြစ်အမတ်ကြီးက 'အရှင်မင်းကြီး၊ ဆင်ခြင်တော်မူပါလော့။ ရှေးက ပသေနဒီကောသလမင်းကြီးတွင် 'သန္တတိ အမည်ရှိသော အမတ်ရှိရာ ရွာငယ်ဖနပုဒ်ကို အောင်နိုင်ရုံမျှဖြင့် ထီးဖြူမြှောက်ကာ မင်းစည်းစိမ်ကို ခုနစ်ရက်ပေးဖူးလေသည်။ ယောက်ဖတော် သီလဝကား လူမှုဒွမကျေပွန်။ ဘာသာနေတတ်သူဖြစ်၍ ခြေတော်ဦးမခိုက်သော်ငြား အလုပ်ကိုဂရုစိုက်၍ လုပ်တတ်သူဖြစ်ရကား အမျက်တော်မရှိသင့်ပါ' ဟု လျှောက်မှ အမျက်တော်ပြေကာ သီလဝဆီသို့ ဆုလာဘ်များစွာ ပေးပို့လေသည်။

ရမည်းသင်းစားသီလဝကား လိုရင်းအလုပ်ကိုသာ ဂရုစိုက်၍ ကျန်အရာများကို ဂရုမစိုက်ဘဲ ကုန္ဒြေဖြင့် အေးအေးသာနေတတ်သောစရိုက် ရှိရကား တစ်သက်တာလုံးတွင် သုံးကြိမ်သာပြုံးတော်မူသည်ဟု ဆိုကြလေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိ၍ သတိမြဲသော
# အမတ်ကြီး ဝန်ဇင်းဖိုးရာဇာ

အင်းဝနေပြည်တော်မှ ၇၂ မိုင်ကွာဝေးသည့် မိတ္ထီလာကန်ကြီး၏ အောက်ဘက်အရပ်ရှိ ဝန်ဇင်းရွာကလေးတွင် ဖိုးရာဇာအမည်ရှိ လယ်သမားသားတစ်ယောက် ရှိ၏။ ဖိုးရာဇာကား ငယ်စဉ်ကပင် ပညာဗဟုသုတကို ရသမျှအချိန်အတွင်း လေ့လာလိုက်စားခဲ့သူ ဖြစ်သည်။ သက္ကရာဇ် ၇၃၀ ပြည့်တွင် အင်းဝမှ မင်းကြီးစွာစော်ကဲသည် မိတ္ထီလာကန်သို့ ဗိုလ်ပါနှင့်ချီလာရာတွင် ကန်ပေါင်မှ မိန်းမရပ်နှင့် နတ်ကွန်းအကြောင်းကိုမေးရာ မည်သူမှ တင်လျှောက်နိုင်ခြင်း မရှိကြချေ။ စာပေဗဟုသုတလိုက်စားသော ကျေးတောသား ဖိုးရာဇာက အမှတ်အသားကောင်းကောင်းဖြင့် စေ့စေ့စပ်စပ် လျှောက်တင်နိုင်သဖြင့် မင်းကြီးက ဆုလာဘ်များပေးသနားကာ အပါးတော်တွင်ခစားရန် ခေါ်ဆောင်တော်မူခဲ့လေသည်။ ဖိုးရာဇာ၏ပညာဉာဏ်နှင့် ကောင်းမြတ်သည့် အကြံဉာဏ်တို့ကြောင့်



မင်းကြီးက 'စည်းတပြစ်'ဘွဲ့မည်နှင့်တကွ အဆောင်အယောင်များပါ ပေးသနားတော်မူလေသည်။

ဤကဲ့သို့ မင်းကြီးစွာစော်ကဲ၊ သားတော် ဆင်ဖြူရှင်တရဖျား၊ ညီတော် ပထမမင်းခေါင် စသည့် မင်းသုံးဆက်လက်ထက်တွင် နှစ်ပေါင်း ၃၅ နှစ်တိုင်တိုင် ကြံ့ခိုင်သောသမာဓိဖြင့် အမှုတော်ထမ်းခဲ့သော အမတ်ကြီးဖိုးရာဇာကား ပညာရှိရုံမျှမက သတိပါမြဲလှသောသူလည်း ဖြစ်ပေသည်။ ဘုရင်မင်းခေါင် လက်ထက်တော်ကာလတွင် ဖြစ်ပါသည်။ ဖိုးရာဇာက ဘုရင်မင်းခေါင်အား 'သတိကို မပြတ်ပြုတော်မူပါ'ဟု အစဉ်နှိုးဆော် တိုက်တွန်းလေ့ရှိပါသည်။ ထိုအခါ ဘုရင်မင်းခေါင်က 'ဤအမတ်ကြီးသည် အခြားသူတို့အား သတိမပြတ်ရန် တိုက်တွန်းလှသည်။ ကိုယ်တိုင်မူကား မည်မျှလောက် သတိကောင်းကြောင်းသိရအောင် စုံစမ်းဦးမည်'ဟုဆိုကာ . . . ။

တစ်နေ့သော် ညီလာခံတွင် မင်းကြီးသည် မှူးမတ်များနှင့် တိုင်းရေးပြည်ရာများ ဆွေးနွေးတိုင်ပင်နေရာမှ ရုတ်တရက် 'အဘိုး၊ လောကတွင် အဘယ်ဥသည် အဆိမ့်ဆုံးနည်း'ဟု ကောက်ကာငင်ကာ မေးတော်မူလေသည်။ ဖိုးရာဇာကလည်း ချက်ချင်းလိုပင် 'မှန်လှပါ၊ ဖွတ်ဥသည် အဆိမ့်ဆုံးပါဘုရား' ဟု လျှောက်လေသည်။ မင်းကြီးလည်း တစ်စုံတစ်ရာ ဆက်လက်မိန့်တော်မမူဘဲ မှူးမတ်ပရိသတ်များဘက်သို့လှည့်ကာ တိုင်းရေးပြည်ရာတို့ကို ဆက်လက်ဆွေးနွေးနေတော်မူလေသည်။

ဖိုးရာဇာကား ပညာရှိသူဖြစ်ရာ 'မင်းကြီးသည် တစ်စုံတစ်ရာ အဆက်မရှိဘဲ ဖြတ်၍မေးသည်။ ဤအမေးကား ဆက်၍မေးရန် ကျန်သေးဟန်ရှိသည်။ ငါ သတိနှင့်နေအပ်၏'ဟု နှလုံးသွင်းကာ နေ့စဉ်နှင့်အမျှ သတိပြု၍နေလေသည်။ တစ်နှစ်တိတိကြာသောအခါ ယခင်ကဲ့သို့ပင် မင်းကြီးသည် တိုင်းရေးပြည်ရာများ ဆွေးနွေးနေရာမှ ရုတ်တရက် ဖိုးရာဇာဘက်သို့လှည့်၍ 'အဖိုး၊ သူ့ချည်းသာလော'ဟု မေးတော်မူလေသည်။ ဖိုးရာဇာကလည်း သတိမပြတ်ထားခဲ့သူပီပီ မဆိုင်းမတွပင် 'ဆားနှင့်ပါဘုရား'ဟု တင်လျှောက်လိုက်လေသည်။ ထိုအခါ ဘုရင်မင်းခေါင်က 'အမတ်ကြီးဖိုးရာဇာသည် အကယ်ပင် သတိကောင်းလှပါပေသည်တကား။ ပညာရှိ ပီသလှပါပေသည်'ဟု ချီးမွမ်းတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## သတ္တိ၊ ဗျူဟာနှင့် ပြည့်စုံသည့်
# စစ်သူကြီး ဘယဂါမဏိ

အင်းဝဘုရင် မိုးညှင်းမင်းတရားတွင် အောင်ပွဲသုံးဆယ်ရသည့် ‘စစ်သူကြီး ဘယဂါမဏိ’ဟူ၍ ရှိ၏။ ထိုစစ်သူကြီးတွင် ညီအစ်ကိုသုံးယောက် ရှိလေသည်။ အကြီးကား ဘယဂါမဏိ၊ အလတ်ကား ရာဇသကြံ၊ အငယ်ကား ရန်လိုကျွဲဟူ၍ ဖြစ်လေသည်။

တစ်ခါသော် အိမ်ရှေ့မင်းနှင့် ၎င်းတို့ညီနောင်သုံးယောက် ဦးဆောင်ကာ တောင်ငူကိုဝိုင်းရံစဉ် ကျုံးထိပ်၌ ထမင်းစားနေကြ၏။ ထိုစဉ် မြို့တွင်းမှ လှံတစ်စင်း ပစ်လွှတ်ထွက်ကျလာရာ ထမင်းပွဲလယ်တွင်လာကျ၏။ ထိုအခါ ဘယဂါမဏိက ထ၍ယောင်၏။ ရာဇသကြံကား လက်ကို ရုတ်ယောင်ပြု၏။ ရန်လိုကျွဲကား ထမင်းစားပင်မပျက်ချေ။

တစ်ကြိမ်တွင်ကား စစ်သူကြီးဘယဂါမဏိသည် စစ်ရှုံး၍အပြန် လင်မယား



နှစ်ယောက် ရန်ဖြစ်နေသည်နှင့် ကြုံရလေသည်။ ရန်ပွဲတွင် လင်ကထွက်ပြေးသောအခါ မယားက ‘မယားကြောက် လာခဲ့’ဟု အော်ဟစ်ခေါ်လေသည်။ ထိုအခါ လင်ယောကျ်ားက ‘ငါ့ကိုမဆိုနှင့်ဦး။ စစ်သူကြီး ဘယဂါမဏိပင်လျှင် အရပ်ရပ်အခြေအနေမသင့်ပါက စစ်ရှုံးရသေး၏’ဟု ပြန်ပြောသံကိုကြားလျှင် ရှက်လွန်းသဖြင့် ထိုနေ့မှစ၍ ‘စစ်ပွဲတွင်မနိုင်သော် မပြန်ပြီ’ဟု အဓိဋ္ဌာန်ပြုလေသည်။

အဓိဋ္ဌာန်ပြုထားသည့်အတိုင်း စစ်သူကြီး ဘယဂါမဏိသည် ရှမ်းတို့ကို စစ်ဗျူဟာခင်း၍တိုက်လေရာ ရှမ်းတို့အရေးနိမ့်လေ၏။ မိုးညှင်းမင်းတရားလည်း အားရတော်မူလှသဖြင့် ပုံထားသည့်ရွှေပုံမှ ခုနစ်ရက်လည်အောင် တစ်နေ့တစ်ကြိမ် ကျုံးစေ၏။ ထို့အပြင် အဆောင်အယောင်နှင့်တကွ စဥ့်ကူးမြို့ကိုလည်း ပေးတော်မူ၏။


တစ်ခါတွင်ကား စစ်သူကြီးသည် စစ်ထွက်၍ နှစ်စခန်းရောက်မှ မယားကို မယုံသောကြောင့် ရုပ်ဖျောက်လျက် ညဥ့်အခါပြန်ကြည့်သော် မိမိမယားသည် လင်ငယ်နှင့်အတူ အခန်း၌အိပ်နေသည်ကိုမြင်လျှင် ဓားနှင့်ခုတ်မည်ပြုပြီးမှ စိတ်ကိုချုပ်ထိန်းကာ မခုတ်ဘဲ တိတ်တဆိတ် ပြန်ထွက်သွားလေသည်။ စစ်ပွဲမှ ပြန်လာသောအခါ စည်းစိမ်နှင့်တကွ မယားကို ထိုလင်ငယ်အား ပေးလေ၏။ စစ်သူကြီး၏ ကြီးမြတ်သောသဘောကိုပြသည့် မယားစွန့်ပွဲကို ပညာရှိတို့က အမွန်မြတ်ဆုံးပွဲကြီးဟု ချီးမွမ်းစကားဆိုကြလေသည်။

ဘယဂါမဏိကား တိုက်ရဲခိုက်ရဲသော သတ္တိသာမက စွန့်ရဲ၊ ခံရဲသော ဗျူဟာနှင့်ပါပြည့်စုံသည့် စစ်သူကြီးဖြစ်လေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com




ထီးလို မင်းလို

## ဇေယျသိင်္ခမင်း

မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံပြည်၌ နရပတိစည်သူမင်း နန်းတက်လေသည်။ ထိုမင်း၌ အဆင်းအင်္ဂါနှင့်ပြည့်စုံသော ဥယျာဉ်မှူး၏သမီးဖြစ်သည့် မိဖုရားတစ်ပါးလည်း ရှိ၏။ ထိုမိဖုရားတွင် ဇေယျသိင်္ခအမည်ရသည့် သားတော်တစ်ပါး ရှိလေသည်။ ထိုမင်းသားကား အမူအရာ သိမ်မွေ့နူးညံ့သကဲ့သို့ ပြောဆိုရာ၌လည်း ယဉ်ကျေးပျူငှာ နှစ်လိုစရာကောင်း၏။ အတတ်ပညာတို့နှင့်လည်း ပြည့်စုံ၏။

တစ်ခါသော် မင်းကြီး၏လက်တွင် ရွှနာပေါက်လေရာ ဆေးထည့်သော်လည်း မပျောက်ဘဲ ပြင်းစွာကိုက်ခဲ၍သာ နေလေသည်။ ထိုအခါ မင်းကြီး၏ ဝေဒနာသက်သာစေရန်အတွက် ဇေယျသိင်္ခ၏မယ်တော် မိဖုရားက ရွှနာကို ခံတွင်းတွင်ထည့်ကာ ငုံထားပေးသည်။ မင်းကြီးလည်း အနာသက်သာသည်နှင့်



အမျှ ရွှနာသည် ခံတွင်း၌ ပြည်ပေါက်လေသည်။ မိဖုရားလည်း မင်းကြီးနိုးမည်စိုး၍ ပြည်ကိုမထွေးဘဲ မြိုချလိုက်လေသည်။

ထိုအကြောင်းကို မင်းကြီးကြားလေသော် မိဖုရား၏မေတ္တာကို တန်ဖိုးထားသည်နှင့်အမျှ 'လိုရာဆုကို တောင်းလော့၊ ပေးမည်'ဟု မိန့်တော်မူလေသည်။ ဇေယျသိင်္ခ၏မယ်တော်လည်း အခြားဆုများကိုမတောင်းဘဲ သားတော်အား နန်းစောင့်ခန့်ထားပေးပါရန် တောင်းဆိုလေရာ မင်းကြီးကလည်း ကတိအတိုင်း ပေးအပ်လေသည်။

မင်းကြီးသည် ပေးထားသောကတိအတိုင်း သားတော်အငယ်ဆုံး ဇေယျသိင်္ခကို နန်းစောင့်ထားကာ အခြား သားတော်ကြီးလေးပါးကို မြို့စား၊ နယ်စားများအဖြစ် ပေးအပ်လေသည်။ ဇေယျသိင်္ခမင်းသားသည် နောင်တော်ကြီးများထံ နေ့စဉ် ဝတ်မပျက် ရှိသေစွာခစားလေရာ နောင်တော်များက ယဉ်ကျေးသိမ်မွေ့သော ညီတော်ကို များစွာနှစ်သက် အရေးပေးကြလေသည်။

တစ်ခါသော် နရပတိစည်သူမင်းကြီးသည် သားတော်များကိုခေါ်ယူကာ 'သားတော်ငါးပါးတို့၏ အလယ်၌ ထီးဖြူစိုက်လျက် သစ္စာပြုပြီး ထီးဖြူညွတ်သောသားကို ထီးနန်းပေးအပ်မည်'ဟု မိန့်လေသည်။ သားတော်များကလည်း သဘောတူကြလေရာ ထီးဖြူစိုက်၍ မင်းကြီးက 'မင်းပြုထိုက်သောသူသို့ ထီးဖြူညွတ်စေသတည်း'ဟု သစ္စာပြုလေသည်။ ဤတွင် ထီးဖြူသည် သားတော်အငယ် ဇေယျသိင်္ခရှိရာသို့ ညွတ်လေသည်။

မင်းကြီးလည်း ဇေယျသိင်္ခကို မင်းဖြစ်လိုသောစိတ်ရှိရာ ဝမ်းမြောက်လေသည်။ နောင်တော်လေးပါးကလည်း ညီငယ် မင်းဖြစ်သည်ကို များစွာနှစ်သက်ရွှင်လန်းကြလေသည်။

ထို့ကြောင့် ဇေယျသိင်္ခ မင်းအဖြစ်ရောက်သောအခါ လူအများက သူ့ကို 'ထီးလို မင်းလို'ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com



## ဉာဏ်ပညာနှင့် ပြည့်စုံသော
## **မိဖုရားစော**

ပုဂံပြည်တွင် မြန်မာသက္ကရာဇ် ၆၁၂ ခုနှစ်ခန့်နန်းတက်သော ဥဇနာမင်းကြီး တွင် ဉာဏ်ပညာနှင့်ပြည့်စုံသော မိဖုရားတစ်ပါး ရှိ၏။ ထိုမိဖုရားကို 'မိဖုရားစော'၊ သို့မဟုတ် 'ဖွားစော'ဟု ခေါ်ကြ၏။ မိဖုရားစောကား ဆိတ်ထိန်းကမ်းဖြူ ကျေးရွာမှ တောင်သူကြီး၏ သမီးငယ်တစ်ယောက် ဖြစ်သည်။ မိဘများမှာ ကြွယ်ဝသူများဖြစ်ရာ အဝတ်တန်ဆာကောင်းစွာဆင်၍ အထိန်းတော်တို့နှင့် ပြည့်စုံစွာထားလေ၏။ ၁၂ နှစ်သမီးအရွယ်တွင်စိုက်သော မြတ်လေးရုံမှ ပုံးညက်၊ စကား၊ ချယား ပန်းသုံးမျိုး ပြိုင်တူပွင့်လေသည်။ ထိုသတင်းကိုကြားလျှင် ပညာရှိတို့က 'ဤသူငယ်မကား အထွတ်အမြတ်သို့ ရောက်လတ္တံ့'ဟု ဟောကြ လေ၏။

နတ်တော်လသို့ရောက်လျှင် ပုဂံပြည့်ရှင် ဥဇနာမင်းကြီးသည် ပုပ္ပားတောင်



သို့တက်ကာ မင်းမဟာဂိရိနတ်မောင်နှမကို လာရောက်ပူဇော်လေသည်။ ထိုစဉ် ဆိတ်ထိန်းကမ်းဖြူရွာမှ မြတ်လေးရုံတစ်ရုံ၌ ပန်းသုံးမျိုးပွင့်သောသတင်းကို ကြား၍ ဝင်တော်မူရာ မြတ်သောအဆင်းနှင့် ပန်းသီနေသော မိန်းကလေးကို မြင်လျှင် ချစ်ခင်သနားသဖြင့် အပါးတော်ဝယ်ခစားရန် ခေါ်ဆောင်လေသည်။ ဉာဏ်ပညာနှင့် ပြည့်စုံသည်ကိုသိသော မင်းကြီးက သွားလေရာ အမြဲခေါ် ဆောင်တော်မူလေသည်။

ဥဇနာမင်းကြီးနတ်ရွာစံသော် သားတော်ငယ် နရသီဟပတေ့မင်း နန်းတက်လေသည်။ ထိုမင်းကား ဘုန်းတန်ခိုးကြီးသလို အမျက်စောင်မာန်လည်း ကြီး၏။ ထို့ကြောင့် မိဖုရားစောက အမြဲလို ဖျောင်းဖျသွန်သင် အကြံပြုပေးရ လေ့ရှိ၏။

တစ်ခါသော် မင်းကြီးအား မိဖုရားစောက ပြည်ရွာစည်ပင်ကြောင်းနှင့် ပတ်သက်၍ ဤသို့လျှောက်ထားခဲ့လေသည်။

'ပြည့်ဝမ်းကို မဖောက်ရာ၊
ပြည့်ဦးကင်းကို မနှိမ်ရာ၊
ပြည့်တံခွန်ကို မလှဲရာ၊
ပြည့်မျက်စိကို မထုတ်ရာ၊
ပြည့်အစွယ်ကို မချိုးရာ၊
ပြည့်မျက်နှာကို မဖျက်ရာ၊
ပြည့်ခြေ၊ ပြည့်လက်ကို မဖြတ်ရာ'

မင်းကြီးက 'စေ့စေ့ငုငုတင်လေ'ဟုမိန့်သဖြင့် မိဖုရားစောက လျှောက်ထား သည်ကား ...

'ပြည့်ဝမ်းကို မဖောက်ရာဆိုသည်မှာ တိုင်းပြည်၏ ဝမ်းဗိုက်နှင့်တူသော သူဌေး၊ သူကြွယ်တို့ကို အပြစ်မရှိဘဲ အပြစ်ရှာတော်မူလျက် ဥစ္စာ၊ ရွှေ၊ ငွေတို့ကို ဖျက်ဆီးသိမ်းယူခြင်းကို ဆိုပါသည်ဘုရား။

ပြည့်ဦးကင်းကို မနှိမ်ရာဆိုသည်မှာ တိုင်းပြည်၏ ဦးကင်းနှင့်တူသော မှူးကြီးမတ်ကြီးတို့ကို အမျက်တော်ရှိလျှင် မထောက်မချင့်၊ မစဉ်းမစား ကွပ်ညှပ်တော်မူခြင်းကို ဆိုပါသည်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ပြည့်တံခွန်ကို မလှဲရာဆိုသည်မှာ တိုင်းပြည်၏တံခွန်နှင့်တူသော ရသေ့၊ ရဟန်း၊ ပညာရှိတို့ကို အမျက်တော်ရှိလျှင် မစုံမစမ်း၊ မထောက်မရှု မျက်တော်မူခြင်းကို ဆိုပါသည်ဘုရား။

ပြည့်မျက်စိကို မထုတ်ရာဆိုသည်မှာ တိုင်းပြည်၏မျက်စိနှင့်တူသော ပိဋကတ်၊ ဗေဒင်တတ်မြောက်သည့် ပညာရှိ ပုရောဟိတ်တို့ကို အမျက်တော်ရှိလျှင် ဆင်ခြင်စဉ်းစားတော်မမူ၊ မျက်တော်မူခြင်းကို ဆိုပါသည်ဘုရား။

ပြည့်အစွယ်ကို မချိုးရာဆိုသည်မှာ တိုင်းပြည်၏အစွယ်နှင့်တူသော မင်းညီမင်းသားတို့ကို အမျက်တော်ရှိလျှင် ရှေ့ကို မြော်မြင်ထောက်ရှု ဆင်ခြင်ခြင်းမရှိဘဲ မျက်တော်မူခြင်းကို ဆိုပါသည်ဘုရား။

ပြည့်မျက်နှာကို မဖျက်ရာဆိုသည်ကား တိုင်းပြည်၏မျက်နှာနှင့်တူသော မိဘလင်သားတို့၏ ကြေးမုံသဖွယ်ဖြစ်သည့် သူ၏မယား၊ သမီး၊ သားတို့ကို အနိုင့်အထက် ယူတော်မူခြင်းကို ဆိုပါသည်ဘုရား။

ပြည့်ခြေ၊ ပြည့်လက်ကို မဖြတ်ရာဆိုသည်ကား တိုင်းပြည်၏ခြေ၊ လက်နှင့်တူသော သူရဲသူခက်တို့ကို အမျက်တော်ရှိလျှင် ရှေ့နောက်မဆင်ခြင်ဘဲ သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်ဘုရား'

ဟူ၍ ဖြစ်လေသည်။

မိဖုရားစောကား ရွာငယ်ကလေးမှ တောင်သူ၏သမီးပင် ဖြစ်သော်လည်း တိုင်းပြည်အုပ်ချုပ်သည့် မင်းထက်ပင် ဉာဏ်ပညာပြည့်စုံသော မိဖုရားတစ်ပါး ဖြစ်လေသည်။ ■





ပညာ၌ မွေ့လျော်သော

## ကျစွာနှင့် သံပျင်

မြန်မာသက္ကရာဇ် ၅၉၆ ခုနှစ်တွင် ပုဂံပြည်၌ 'ကျစွာမင်း'သည် 'ဓမ္မရာဇာ' ဘွဲ့မည်ခံ၍ နန်းတက်လေသည်။ ထိုမင်းကား တိုင်းသူပြည်သားအပေါင်းကို ရင်ဝယ်သားကဲ့သို့ သနားတော်မူ၏။ ပိဋကတ်စာပေ ကျမ်းဂန်တို့ကိုလည်း ကျနစွာ တတ်မြောက်လေသည်။ ပိဋကတ်သုံးပုံကိုလည်း ကိုးခေါက်ပြန်၍ သင်တော်မူလေသည်။ ပိဋကတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ အထူးထူးသော အနက်အဓိပ္ပာယ်တို့ကိုလည်း ကျွမ်းကျင်နှံ့စပ်တော်မူလှ၏။ သံဃာတော်တို့အားလည်း တစ်နေ့လျှင် ခုနစ်ကြိမ် စာပို့ချတော်မူ၏။

တူရွင်းတောင်ခြေမှကျသောရေကို ကန်ဆည်ကာ ယင်းအနားတွင် မင်းတဲကို သာယာစွာဆောက်လုပ်၍ စာပေပို့ချရင်းသာ အချိန်ကုန်လေသည်။ သဒ္ဒါအကျဉ်း၊ ပရမတ်အကျဉ်းတို့ကိုလည်း ကျမ်းပြုကာ စီရင်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စာပေကျမ်းဂန်တို့၌သာ မွေ့လျော်ပျော်ပါးသဖြင့် တိုင်းရေးပြည်မှုကို ပြန်မကြည့်နိုင်ချေ။ အိမ်ရှေ့မင်းသားဖြစ်သူ သားတော်ဥဇနာကိုသာ ကြည့်ရှုစီမံစေ၏။

ကျစွာမင်းကြီးတွင် ဖခင်ကဲ့သို့ပင် စာပေကျမ်းဂန်များကို တတ်လှစွာသော သမီးတော်တစ်ပါး ရှိ၏။ 'သံပျင်မင်းသမီး'ဟူ၍ ကျော်စော၏။ ရဟန်းနှင့် မိန်းမ မသင့်လျော်သဖြင့် တင်းတိမ်ကာရံထားပြီး မင်းသမီးက တင်းတိမ်အတွင်းမှ စာချရသည်။ ရဟန်းများက အပြင်မှနေ၍ စာလိုက်ရသည်။ မင်းသမီးကို မမြင်ရချေ။

တစ်ခါသော် ရဟန်းပျိုတစ်ပါးသည် အာရုံဖောက်ပြား၍ ဤသို့တွေးမိ၏။ ဤမင်းသမီး၏အသံကား သာယာလှ၏။ ပညာလည်း သူမတူအောင် တတ်လှ၏။ ရုပ်ရည်လည်း မုချ သာယာလှပချောမွတ်ပေမည်။ လူကိုယ်တိုင်တွေ့ရအောင် ကြံမှဖြစ်မည်ဟု စိတ်ကူးမိလေသည်။ တစ်နေ့တွင် ရဟန်းပျိုသည် မိမိတက်ရမည့်စာ၏အဆုံး၌ ကြံဖန်ကာ 'ဟိဗာလေ ဟေးဟေးယျုံ'ဟူ၍ ဆက်ကာရေးထားလေသည်။ စာတက်သောအခါ ထိုစာကိုပါထည့်၍ရွတ်လျှင် တင်းတိမ်နောက်မှ မင်းသမီးက 'မရှိသည့်စာကို ဘယ့်အတွက်ရွတ်ရသနည်း' ဟု မေးလေသည်။ ထိုအခါ ရဟန်းပျိုက 'စာရှိ၍ ငါရွတ်သည်။ မယုံလျှင် ကြည့်လော့'ဟုဆိုသောအခါ မင်းသမီးလည်း အကယ်ပင် စာရှိသည်ထင်၍ တင်းတိမ်ကိုဖွင့်ကြည့်လေရာ စာမှာ အပိုသက်သက်ရေးထားသော စာဖြစ်ကြောင်း တွေ့ရလေသည်။ သို့သော်လည်း ပညာဉာဏ်ကြီးသော မင်းသမီးက 'ဤစာသည် အချည်းနှီးမဖြစ်စေရ၊ ကျနအောင်အနက်ပေးမည်၊ လိုက်ဆိုလေ' ဟုဆိုကာ 'ဟိ တံငါတို့သည်၊ ဗာလေ ပိုက်ကွန်တို့ကို၊ ဟေ ဟေးယျုံ ဆွဲကြကုန်၏'ဟု အနက်ပေးလေရာ ချောမောသွားလေ၏။ ရဟန်းပျိုမှာမူ ပညာဉာဏ်ကြီးသော မင်းသမီးကို ကိုယ်တိုင်မြင်ရသောအခါ လွန်စွာစွဲလမ်းလျက် မစားနိုင်၊ မအိပ်နိုင် ဖြစ်ရလေသည်။

ထိုအကြောင်းကို ကျစွာမင်းကြီးကြားလေသော် ထိုရဟန်းပျိုအား 'ငါ့ရှင်၊ မရလျှင် အသက်သေမလောက် သမီးတော်ကို စွဲလမ်းလျှင် ငါစီစဉ်မည်။ ငါ့ရှင်က ပညာတတ်ပုဂ္ဂိုလ်ပီပီ သာသနာတော်၌ နောင်အရှည်အကျိုးများမည့် ကျမ်းတစ်စောင်ကို ရေးဖွဲ့ရမည်'ဟု မိန့်လေသည်။ ရဟန်းပျိုကလည်း




ကျစွာမင်းကြီး၏ တောင်းဆိုချက်အတိုင်း 'ဉာတ်'ကျမ်း၏ အဖွင့်ဋီကာကိုရေးရာ ပြီးစီးလေသည်။

မင်းကြီးလည်း အားရတော်မူသဖြင့် ရဟန်းပျိုအား လူထွက်စေကာ သံပျင်အမတ်ရာထူးကိုပေး၍ သမီးတော်နှင့် စုံဖက်လေသည်။ ထိုအခါမှစ၍ သမီးတော်ကိုလည်း သံပျင်မင်းသမီးဟုပင် ခေါ်ကြကာ ရေးဖွဲ့သော အဖွင့်ဋီကာကိုလည်း 'သံပျင်ဋီကာ'ဟု ခေါ်တွင်လေသည်။ ■



www.burmeseclassic.com

www.burmeseclassic.com



## နရသီဟပတေ့မင်းနှင့်

# ရာဇသင်္ကြံအမတ်ကြီး

ဥဇနာမင်းနတ်ရွာစံသော် ‘သီဟသူ’နှင့် ‘နရသီဟပတေ့’ဟူ၍ သားတော်နှစ်ပါး ကျန်ရစ်ခဲ့၏။ နောင်တော်ဖြစ်သော ‘သီဟသူ’မှာ နန်းရထိုက်သူဖြစ်သော်လည်း တစ်နေ့တွင် ညီလာခံ၌ သီဟသူနောက်ကလာနေသည်ကို မမြင်မိသော အမတ်ကြီးရာဇသင်္ကြံအား ‘မဖယ်ရကောင်းလား’ဟုဆိုကာ အင်္ကျီလက်ကို ကွမ်းသွေးနှင့်ထွေးလိုက်၏။ အမတ်ကြီးက ‘မင်းသားလာသည်ကို မမြင်မိ၍ပါ’ဟု ဆိုသော်လည်း မရချေ။ ထိုအခါ ရာဇသင်္ကြံအမတ်ကြီးလည်း ‘ဤမျှ မင်းမာန်ကြီးသောမင်းသား မင်းဖြစ်လျှင် လူအများ ဒုက္ခရောက်လတ္တံ့’ ဟုဆိုကာ ကွမ်းသွေးစွန်းသောအင်္ကျီကို သေတ္တာတွင် သေချာခေါက်သိမ်း၍ အခွင့်ကို စောင့်နေလေ၏။ ဥဇနာမင်းကြီး နတ်ရွာစံသောအခါ ရာဇသင်္ကြံအမတ်ကြီးက သီဟသူ၏စရိုက်ကို အခြားအမတ်များအားပြောပြကာ ညီတော်



နရသီဟပတေ့ကို နန်းတင်လိုက်ကြလေသည်။

နရသီဟပတေ့လည်း မင်းဖြစ်သောအခါ ကျေးဇူးရှင်အမတ်ကြီးကို မေ့လျော့ကာ မချီးမြှောက်ဘဲ နေလေ၏။ ကြာလျှင် ရာဇသင်္ကြံအမတ်ကြီးမှာ စိတ်ထဲ မအောင့်နိုင်တော့သဖြင့် တစ်နေ့ ညီလာခံအဝင်တွင် ပန်းကပ်ပဲ့ကို ကိုင်ကာ လာလေ၏။ မင်းကြီးမြင်သော် ‘အဘိုး ရာဇသင်္ကြံ၊ အဘယ့်ကြောင့် ပန်းပဲ့ကပ်နှင့်စားသနည်း’ဟုမေးလျှင် ရာဇသင်္ကြံလည်း ‘အရှင့်သား၊ ပန်းပွတ်သည် သားမြေးတို့ ကောင်းစား၍ သူကောင်းပြုခံနေရသဖြင့် ပွတ်မည့်သူမရှိသောကြောင့် ပန်းကပ်ပဲ့နှင့်သာ စားနေရသည်’ဟု လျှောက်လေသည်။ အမှန်တွင် နရသီဟပတေ့၏မယ်တော်ကား မြစ်သာရွာသူ၊ ပန်းပွတ်သည်သမီးဖြစ်သည်ကိုရည်ရွယ်ကာ အမတ်ကြီးက ပြောဆိုခြင်းဖြစ်၏။

နရသီဟပတေ့မင်းလည်း အမတ်ကြီးစကားကို ကြားလျှင် မခံချင်သည်ဖြစ်၍ ‘အဘိုး၊ စေတီတည်သောအခါ မည်သို့တင်သနည်း’ဟု မေးလေသည်။ ရာဇသင်္ကြံကလည်း ‘ငြမ်းဆင်၍ တင်ပါသည်ဘုရား’ဟု လျှောက်လေသည်။ ‘စေတီပြီးလျှင် ငြမ်းကိုမည်သို့ပြုသနည်း’ဟု မင်းကြီးကမေးပြန်ရာ ‘စေတီပြီးလျှင် ငြမ်းကိုဖျက်မှ စေတီတင့်တယ်ပါမည်ဘုရား’ဟု အမတ်ကြီးက လျှောက်လေသည်။

ထိုအခါ မင်းကြီးက ‘ငါကား စေတီနှင့်တူသည်။ အမတ်ကြီးကား ငြမ်းနှင့်တူ၏။ သို့အတွက် ငါ မင်းအဖြစ်ရောက်ပြီဖြစ်ရကား ငြမ်းနှင့်တူသော အမတ်ကြီးကို ဖျက်ရတော့သည်။ ထို့ကြောင့် စည်းစိမ်ထိန်း၍ ဒလမြို့သို့ပို့လေ’ဟု မိန့်တော်မူလေသည်။ ဒလသို့သွားရာလမ်းခရီးတွင် လေပြင်းနှင့်အတူ သစ်ပင်ကြီးများ ကျိုးပဲ့ကုန်၍ ပန်းပြားပင်ကလေးများမှာမူကား လေယူရာတိမ်းကာ မကျိုးမပဲ့ ရှိကြသည်ကို အမတ်ကြီးမြင်လေသော် ‘ငါကား ပန်းပြားပင်လောက်မှ မလိမ္မာချေတကား။ သစ်ပင်ကြီးများကဲ့သို့ ကျင့်သောကြောင့် ဤသို့ဖြစ်ရချေသည်’ဟု သံဝေဂယူကာ ဆိုလေသည်။

နန်းတွင်းအရေး၌ကား ရာဇသင်္ကြံအမတ်ကြီးကို ဒလပို့ပြီဟုကြားသည်နှင့် မဏ္ဍဂီရိစားက ပုန်ကန်တော့၏။ မုတ္တမစား၏ အနွယ်တို့ကလည်း ထောင်ထားခြားနားကြတော့၏။ ထိုသတင်းကို မင်းကြီးကြားလေသော် တိုင်ပင်ဘက်

www.burmeseclassic.com

အမတ်ကြီးမရှိသဖြင့် လက်မှိုင်ချကာ နေရလေသည်။ မိဖုရားစောက 'သူပုန်သူကန်တို့ အင်အားမကြီးထွားခင် အမတ်ကြီးရာဇသင်္ကြံကိုပြန်ခေါ်၍ တိုင်ပင်ပါ'ဟု နားတော်လျှောက်မှ ရာဇသင်္ကြံကို ဆင်ဖြင့်ပြန်တင်ကာ ပြန်ခေါ်တော်မူလေသည်။ ပညာရှိအမတ်ကြီး ရာဇသင်္ကြံ၏ အစီအမံ၊ အခန့်အခွဲတို့ဖြင့် သောင်းကျန်းသောအရပ်တို့မှ အရေးတော်ခပ်သိမ်း အေးငြိမ်းလေသည်။

ပညာ၏အင်အားကား ကြီးမားလှပေသည်တကား။ ■





BURMESE CLASSIC .com

ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော

## တောင်ငူဘုရင် တပင်ရွှေထီး

မြန်မာသက္ကရာဇ် ၈၀၀ နှင့် ၉၀၀ ကြားကာလတွင် မြန်မာပြည်ကြီးကား ဘုန်းတန်ခိုးအာဏာကြီးမားသောမင်းလည်း မရှိ မင်းငယ်မင်းမြောင်တို့ကလည်း ထီးပြိုင်နန်းပြိုင်ပြုနေကြရာ သူတလူ ငါတစ်မင်းဖြင့် ကစဉ့်ကလျားဖြစ်လျက်ရှိ၏။ သက္ကရာဇ် ၈၈၈ ခုနှစ်တွင်ကား အင်းဝတွင် 'ရှမ်းဘုရင်သိုဟန်ဘွား' အုပ်စိုး၍ ပြည်မြို့တွင် 'နရပတိမင်း'က အုပ်စိုး၏။ မွန်တို့နေပြည် ဟံသာဝတီတွင်ကား 'သုရှင်တကာရွတ်ပိ'က ထီးနန်းစံလျက်ရှိ၏။ ဤသို့ တကွဲတပြားစီဖြင့် ပြည်သူအပေါင်းတို့ စေ့စေ့ညက်ညက်ကျေခဲ့ရသော အခါဆိုးကြီးဖြစ်၍ ရှေးလူများက 'ငယ်သုံးခု၊ ဥသျှစ်ထု'ဟု ဆိုရိုးပြုခဲ့ကြလေသည်။ ဤသို့ အကွဲကွဲအပြိုပြိုဖြစ်နေသော မြန်မာနိုင်ငံကြီးကို ကယ်ဆယ်ရန် တောင်ငူဘုရင် တပင်ရွှေထီးနှင့် ယောက်ဖတော် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့



www.burmeseclassic.com

www.burmeseclassic.com


ပေါ်ပေါက်လာခဲ့လေသည်။

တပင်ရွှေထီးကို တောင်ငူဘုရင်မင်းကြီးညိုနှင့် မိဖုရားရာဇဒေဝီတို့မှ မြန်မာသက္ကရာဇ် ၈၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့် ၄ ချက်တီးကျော်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။ ဖွားမြင်စဉ် ကာလတွင် မိုးကြီးသည်းစွာရွာသွန်းကာ ရောက်သီးလုံးခန့် မိုးသီးများပါ ကြွေကျ၏။ မွေးဖွားသောအခါ ဦးထိပ်ထက်တွင် ဒန်ပူခန့် ဆံပင်တစ်ချောင်းတည်း ပါလာသည်ကို အစွဲပြု၍ 'တပင်ရွှေထီး'ဟု မှည့်ခေါ်ကြလေသည်။

တပင်ရွှေထီးကား ခမည်းတော်နတ်ရွာစံသည့် မြန်မာသက္ကရာဇ် ၈၉၂ ခုနှစ်တွင်ပင် နန်းတက်လေသည်။ နောက် ၂ နှစ်အကြာတွင် သက်တော် ၁၇ နှစ်သို့အဝင် နားထွင်းသင့်ကြောင်း မှူးမတ်တို့က လျှောက်ကြလျှင် 'ကောင်းပြီ။ ငါကိုယ်တော် ရွှေမော်ဓောဘုရား၌ နားထွင်းတော်မူမည်'ဟု မိန့်တော်မူလေသည်။ ထိုအခါ မှူးမတ်တို့က 'ရွှေမော်ဓောဘုရားမှာ ရန်သူတို့နယ် ဟံသာဝတီတွင်ဖြစ်၍ မသင့်ပါ'ဟု လျှောက်ကြလျှင် 'ငါ့ကို မွန်တို့ ဝံ့မည်လော' ဟုဆိုကာ သတ္တရဇေယျဟူသောမြင်းတော်ကို ပတ္တမြားကကြိုးဆင်ကာ စီးတော်မူလျက် အမတ်လေးကျိပ်၊ မြင်းရံငါးရာနှင့် ဟံသာဝတီသို့ ချီတော်မူလေသည်။ ရွှေမော်ဓောသို့ရောက်သော် မြင်းငါးရာကို ဘုရားပတ်လည်၌ဝန်းရံစေပြီး ဘုရားရင်ပြင်တော်ပေါ်သို့တက်၍ ဦးသျှောင်ထုံးခြင်း၊ နားထွင်းခြင်းအမှုကို ပြုတော်မူလေသည်။ ထိုသတင်းကို မွန်မင်း သုရှင်တကာရွတ်ပိ သိလျှင် အထိန်းတော် ဗညားလောနှင့် ဗညားကျန်းတို့ကို ဆင်၊ မြင်း အလုံးအရင်းနှင့် လွှတ်ကာ 'ဖမ်းစေ'ဟု အမိန့်တော်ရှိလေသည်။

ထိုအကြောင်းကိုသိသော် မှူးမတ်တို့က တပင်ရွှေထီးကိုလျှောက်ကြ၏။ တပင်ရွှေထီးကား 'နားကိုသာ တည့်အောင်ထွင်း။ မွန်တို့ကို ငါတိုက်တော်မူမည်'ဟု ဣန္ဒြေမပျက်မိန့်တော်မူလေသည်။ နားထွင်းပြီးသော် မြင်းတော် သတ္တရဇေယျကိုစီး၍ 'ငါ မင်းတရားရွှေထီး၊ နင်တို့ဝံ့မည်လော'ဟု ကြုံးဝါးကာ မြင်းကို အားကုန်စီး၍ မြင်းရံငါးရာနှင့်တကွ အတင်းဝင်တိုက်တော်မူလေသည်။ ရန်သူတို့လည်း တစ်ယောက်မျှ နောက်ကမလိုက်ဝံ့ကြဘဲ အံ့သြရင်းသာ ကျန်ရစ်ခဲ့လေသည်။ တပင်ရွှေထီးကား သုံးလေးရက်အကြာတွင် တောင်ငူသို့ရောက်လေ၏။ ■





BURMESE CLASSIC .com

ဟော်တည့်ဖြောင့်မှန်သော စိတ်နှလုံးရှိသည့်

# နရပတိမင်းကြီး

မြန်မာသက္ကရာဇ် ၉၁၃ ခုနှစ်တွင် စစ်ကိုင်း စည်သူကျော်ထင်သည် အင်းဝတွင် 'နရပတိ'အမည်ဖြင့် နန်းတက်လေသည်။ ဤမင်းကား သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ သစ္စာစောင့်၏။ မှန်ကန်၏။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံ၍ အမြော်အမြင်လည်းရှိ၏။ ထို့ပြင် စိတ်ထားနူးညံ့၍ သည်းခံစိတ်လည်းရှိ၏။

တစ်ခါသော် နရပတိ၏မိဖုရားကြီးသည် မင်းကြီး၏စိတ်တော်ကို စမ်းလို၍ စားတော်ချက်ရာ၌ ဆန်တစ်ပြည်တွင် စပါးတစ်စလယ်ရောစ၍ ချက်စေပြီးလျှင် မုန်နောလင်ပန်းဖြင့်ပြင်၍ စားတော်တည်လေ၏။ မင်းကြီးလည်း စားတော်ပွဲကို မြင်လျှင် 'စပါးလုံးများလှသည်'ဟူ၍ သာမန်မျှသာ မိန့်တော်မူလေသည်။ ထိုအခါ မိဖုရားကြီးက 'စားတော်ကဲတို့သည် မကြည့်မရှုပြုကြသည်။ နာကျင်အောင် နှိပ်ကွပ်တော်မူမည်'ဟု တိုင်ပင်ရာ နရပတိမင်းကြီးက 'ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

မည်သည်ကား အရှင်ကိုမျက်နှာရအောင် ပြုလိုသည်သာတည်း။ အရှင်ကို မလိုတမာမပြုရာ။ စင်ကြယ်အောင်ပြာထားသော ဆန်သည် စပါးထားရာနှင့် နီးသဖြင့် ကျေးငှက်တို့ယက်ရာမှ ရောနှောကုန်သည်သာ ဖြစ်ပေမည်။ မည်သို့မျှ အပြစ်တော်မယူနှင့်'ဟု တောင်းပန်လေသည်။

တစ်ခါကလည်း စစ်ကိုင်းမှမိန်းမငယ်တစ်ယောက်သည် ယက်ကန်းစင် အတွက် တွင်းတူးရာမှ စဉ့်အိုးနှင့် ရွှေငါးပိသာ ရလေသည်။ မင်းကြီးကို ဆက်မည်ဟု ရွှေအိုးကိုယူလာရာ မင်းကြီး ဥဒေတယံဂါထာရွတ်ဖတ် သရဇ္ဈာယ် နေ၍ စောင့်နေရ၏။ မှူးမတ်တို့လည်း ဂါထာရွတ်ဖတ်၍မပြီးခင် တစ်စုံတစ်ရာ မလျှောက်ဝံ့ရကား မိန်းမပျိုအား တစ်ဝက်ကို မင်းဘဏ္ဍာအဖြစ်ထား၍ တစ် ဝက်ကို ယူလေဟုဆိုရာ မိန်းမပျိုလည်း ဝမ်းသာအားရနှင့် ပြန်လေသည်။

နရပတိမင်းကြီးလည်း ဂါထာရွတ်ဖတ်ပြီးစီး၍ မှူးမတ်တို့က အကြောင်းစုံ ကိုလျှောက်ကာ ရွှေအိုးကိုဆက်သလျှင် မင်းကြီးက 'အစ်ကိုတို့သည် ယောက်ျား ကောင်းဟူ၍ မြို့တော်ပတ်လည်တွင် တစ်နေ့ကို တွင်းတစ်ထောင် တူးရ သော်လည်း ရွှေအိုးကို ရချင်မှရပေလိမ့်မည်။ ယခုကား သူ၏ဘုန်းကံကြောင့် ရလေသည်။ တစ်ဝက်သိမ်းယူ၍ မသင့်ချေ။ မိန်းမငယ်ကိုခေါ်၍ ရွှေအိုးကို ပြန်အပ်ပါလေ'ဟု မိန့်တော်မူလေသည်။

အင်းဝနရပတိမင်းကြီးကား ဤသို့သော တော်တည့်ဖြောင့်မှန်၍ နူးညံ့ သိမ်မွေ့သည့် စိတ်နှလုံးနှင့် ပြည့်စုံသောမင်းဖြစ်ရကား မှူးမတ်၊ ပြည်သူ၊ ရဟန်းရှင်လူတို့က ဘုန်းတော်ကြီး၍ သက်တော်ရှည်စေကြောင်း ဆုမွန်ကောင်း တောင်းကြလေသည်။ ■



BURMESE CLASSIC .com

www.burmeseclassic.com

JUNIOR www.burmeseclassic.com



မြန်မာ့သမိုင်းတစ်လျှောက်တွင်
ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများ၊
မင်းကျင့်တရားနှင့်ညီညွတ်သော ဘုရင်တော်များ၊
ဉာဏ်ပညာကြီးမားသော မှူးမတ်များ၊
သစ္စာတရားကို အသက်တမျှတန်ဖိုးထားသော မင်းမှုထမ်းများ၊
မတရားမှုကိုဆန့်ကျင်သော၊ ကျေးဇူးတရားကိုစောင့်သိသော၊
တာဝန်ကျေပွန်သော စသည်ဖြင့်
လေးစားအားကျဖွယ်၊ စံပြုအတုယူဖွယ်ပုဂ္ဂိုလ်ထူးများ
အများအပြားရှိပါသည်။
ဤစာအုပ်တွင်
ထိုသို့သောပုဂ္ဂိုလ်များအနက်မှ
အချို့၏အကြောင်းကို ရွေးထုတ်စုစည်းကာ
ကလေးများ စံနမူနာထား ကြိုးစားနိုင်ကြစေရန်
ဖော်ပြထားပါသည်။



www.burmeseclassic.com